# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် ၊နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၃) ၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက် ၊ ၂၂-၁၂-၂၀၂၄ ၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်စပ်တည်းပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက် ပြန်အစားထိုးရန်သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၁

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုလွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များကြားရှိ အောက်ပါရုံးဖွင့်ရက်များကို တစ်ဆက်တည်း ရုံးပိတ်ရက်အဖြစ်သတ်မှတ်ပေးသွားမည်ဖြစ်သည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်(စနေနေ့)၊ ၂၉ ရက်(တနင်္ဂနွေနေ့)၊ ၃၀ ရက်(ကရင်နှစ်သစ်ကူးနေ့)နှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တို့ကြားရှိ ၂၀၂၄ ခုနှစ်၊ **ဒီဇင်ဘာလ ၃၁ ရက်**၊ (ရုံးပိတ်ရက် ၅ ရက်)၊

(ခ) ၂၀၂၅ ခုနှစ်၊ မတ်လ ၁၃ ရက်(တပေါင်းလပြည့်နေ့)၊ ၁၅ ရက်(စနေနေ့)နှင့် ၁၆ ရက်(တနင်္ဂနွေနေ့)တို့ကြားရှိ **မတ်လ ၁၄ ရက်နှင့် တပေါင်းလပြည့်နေ့၏ ရှေ့တစ်ရက်ဖြစ်သည့် မတ်လ ၁၂ ရက်**၊ (ရုံးပိတ်ရက် ၅ ရက်)၊

(ဂ) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်(စနေနေ့)၊ ၂ ရက်(တနင်္ဂနွေနေ့)နှင့် ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တို့ကြားရှိ **နိုဝင်ဘာလ ၃ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)၊

စာမျက်နှာ ၃ သို့ ◆

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် CHID Bank ၏ (၁၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး တက်ရောက်



နေပြည်တော် ဒီဇင်ဘာ ၂၁

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်-CHID Bank(အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)၏ (၁၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ CHID Bank (ရုံးချုပ်) ၌ ကျင်းပသည်။

အစည်းအဝေးသို့ CHID ဘဏ်နာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ၊ CHID Bank ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဘဏ်အစုရှယ်ယာရှင်များ၊ စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က CHID Bank ကို နိုင်ငံတော်၏ ဆောက်လုပ်ရေးနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ၂၀၁၃ ခုနှစ် မေတွင် တည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီတွင် ဘဏ်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆယ်နှစ်ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၏လုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ စဉ်ဆက်မပြတ်စနစ်တကျ လိုက်နာဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း။

ပြည်သူများ စိတ်ချယုံကြည်အားကိုးရသော ဘဏ်အဖြစ် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဘဏ်လုပ်ငန်းစဉ်များ၊ စည်းမျဉ်း/စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့်အညီ Digital Banking စနစ်ဖြင့် လုပ်ဆောင်နိုင်ရန် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် CHID Bank ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဘဏ်အမှုဆောင်အရာရှိချုပ်နှင့် စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ဘဏ်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဘဏ်၏ ပြင်ပစာရင်းစစ် အစီရင်ခံစာကို တင်ပြအတည်ပြုချက်ရယူခြင်း၊ ဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်သစ်များအား အစုရှယ်ယာရှင်များ၏ ဆန္ဒမဲဖြင့်ရွေးချယ်ခန့်အပ်ခြင်းနှင့် အမည်စာရင်း အတည်ပြုကြေညာခြင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်း၊ အခကြေးငွေသတ်မှတ်ခြင်း၊ အစုရှယ်ယာရှင်များမှ ကြိုတင်ပေးပို့ထားသော မေးခွန်းများနှင့် အကြံပြုချက်များ ပြန်လည်ဖြေကြားခြင်း၊ စာရင်းစစ်ကော်မတီဝင်များ ခန့်အပ်ခြင်း၊ အတည်ပြုချက် ရယူခြင်းနှင့် အမည်စာရင်း ကြေညာခြင်းတို့ ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လမ်းမတော်မြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) ငါးထပ်အဆောက်အဦကို မူလရှေးပုံစံမပျက် အကြီးစားပြင်ဆင်လျက်ရှိသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်

**(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

## မြန်မာ့ယဉ်ကျေးမှုဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ကြပါစို့

ကမ္ဘာပေါ်တွင် နိုင်ငံတိုင်း လူမျိုးတိုင်းတို့တွင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိကြစမြဲဖြစ်သည်။ မြန်မာလူမျိုးတို့သည်လည်း ကိုယ့်ထီးကိုယ်နန်း ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ရပ်တည်နေထိုင်ခဲ့ကြသည်။ မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယုံကြည်ကိုးကွယ်မှု ဘာသာတရားတို့ရှိကြသည်။ ဗုဒ္ဓတရားတော်အရိပ်တွင် မွေးဖွားကြီးပြင်းခဲ့သော မြန်မာတို့၏ စိတ်နေစိတ်ထားသည် မေတ္တာစိတ်၊ ကရုဏာစိတ်၊ ကိုယ်ချင်းစာစိတ်၊ သည်းခံခွင့်လွှတ်စိတ်များဖြင့် လွှမ်းမိုးနေတတ်သည်။ စိတ်ဓာတ်ယဉ်ကျေးမှုနှင့်အတူ စာပေ၊ ဂီတ၊ အဆို၊ အက၊ အရေး၊ အတီး၊ ပန်းချီ၊ ပန်းပု စသော ယဉ်ကျေးမှုအနုပညာများသည်လည်း အဆင့်အတန်းမြင့်မားခဲ့သည်။ ထို့ပြင် ပုဂံခေတ်တွင် ဗုဒ္ဓသာသနာရောင်ဝါနေသို့ ထွန်းလင်းခဲ့ရာမှစ၍ မြန်မာတို့၏ စိတ်၌ ယဉ်ကျေးမှုအမွေအနှစ်များ ကိန်းအောင်းခဲ့သည်။ ငါးပါးသီလကို ဆောက်တည်ကြပြီး အလှူဒါန်များပြုကြသည်။ ဘုရား၊ ပုထိုး၊ စေတီများ၊ ကျောင်းဇရပ်များ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ထိုအနုပညာလက်ရာများသည် ယနေ့ထက်တိုင် မြန်မာ့ယဉ်ကျေးမှုအနုပညာအဖြစ်နှင့် တင့်တယ်ထည်ဝါဝင့်ကြွားလျက်ရှိသည်။ ပုဂံသားတို့သည် မိမိတို့အလှူကို ကျောက်စာများရေးထိုးမှတ်တမ်းတင်ခဲ့ကြသည့်အတွက် ပုဂံခေတ်၏ စာပေအဆင့်အတန်းကို သက်သေပြလျက်ရှိသည်။ မြန်မာ့ယဉ်ကျေးမှုဂုဏ်ကို ထင်ရှားစေခဲ့သည်။

အင်းဝခေတ်တွင်လည်း ပျို့စာပေများဖြင့် အင်းဝခေတ်ပြည်သူတို့ကို လောကီလောကုတ္တရာ အသိတရားများ ပေးခဲ့သည်ကို မှတ်သားရသည်။ ဗုဒ္ဓစာပေများကို မိုကာ စကားပြေ၊ ကဗျာအမျိုးမျိုးထွန်းကားခဲ့သည်။ ဒွေးချိုး၊ လေးချိုး၊ အဲချင်း၊ အိုင်ချင်း၊ ဒုံးချင်း၊ တေးထပ်ကဗျာများအပြင် ဝတ္ထု၊ ပြဇာတ်စကားပြေများလည်း ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်းသည် ခေတ်အဆက်ဆက်ထွန်းကားခဲ့သည်မှာ စာပေရသတို့က သက်သေပြနေသည်။

ထို့ပြင် ယဉ်ကျေးမှု၏ အခြေခံအုတ်မြစ်စတင်ရာနေရာသည် စာသင်ကျောင်းများပင်ဖြစ်သည်။ မြန်မာတို့သည် ကျောင်းနေအရွယ်ကပင် "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" ဟူသော အဆုံးအမနှင့်အညီ သင်ကြားပေးမှုကြောင့် မြန်မာတို့၏ ယဉ်ကျေးမှုသည် အနှစ်သာရရှိလှသည်။ စကားပြောဆိုရာတွင်လည်း "တစ်ယောက်စကား တစ်ယောက်နားမှာ မခါးရအောင် သတိဆောင်၍ မောင်တို့မယ်တို့ဆိုလေ ပျားသကာသို့ ချိုလှစေ" ဟူ၍ လမ်းညွှန်ပေးခဲ့သည်။ ငယ်ရွယ်စဉ်ကပင် နေထိုင်စားသောက်မှုအစုစု၌ ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်စားသောက်တတ်ရန် လမ်းညွှန်ပေးခဲ့သည်။

သို့ဖြစ်ရာ မြန်မာ့ယဉ်ကျေးမှုသည် မြန်မာလူမျိုးတို့၏ ဘဝကို ချမ်းမြေ့ပျော်ရွှင်စေမည်ဖြစ်ရာ မြန်မာ့ယဉ်ကျေးမှုဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အမှတ်(၂)မူလတန်းကြိုကျောင်း ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး ကြီးကြပ်မှုအောက်ရှိ အမှတ်(၂)မူလတန်းကြိုကျောင်း ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး ကြီးကြပ်မှုအောက်ရှိ အမှတ်(၂)မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးကြွယ်က အမှတ်(၂)မူလတန်းကြိုကျောင်းရှိ သားငယ်၊ သမီးငယ်လေးများ၏ ကာယစွမ်းရည်မြင့်မားစေရန်အတွက် ကလေးများအား ရှေးဦးအရွယ် ကလေးဘဝမှာထဲက မိမိကိုယ်ကို မိမိယုံကြည်မှု၊ စုပေါင်းဆောင်ရွက်တတ်မှု၊ လေးစားတန်ဖိုးထားမှု၊ ယှဉ်ပြိုင်လိုစိတ်၊ ကိုယ့်အားကိုယ်ကိုးလိုစိတ်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှု စသဖြင့် အတွေ့အကြုံကောင်းများစွာကို ရရှိစေရန် မိဘ၊ ဆရာ၊ ကလေး ပူးပေါင်းဆောင်ရွက်ပြီး လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီးနောက် (က၊ခ၊ဂ၊ဃ၊င၊စ)တန်းများရှိ သားငယ်၊ သမီးငယ် (၃၅၀)ဦးအား အကြီးဆင့်၊ အငယ်ဆင့်ခွဲ၍ ပွဲစဉ်ပေါင်း (၅၄)ပွဲဖြင့် ပါဝင်ယှဉ်ပြိုင်စေခဲ့ပြီး ဒိုင်လူကြီးများ၏ အဆုံးအဖြတ်ဖြင့်သာ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများကို ချီးမြှင့်ပေးခဲ့သည်။



**(အပေါ်ပုံ)**

အဆိုပါ ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းရီ၊ အမှတ်(၂)မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးကြွယ်နှင့် သင်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

(ဝဥဖ)

## မန္တလေးပရဟိတအဖွဲ့များကို လှူဒါန်းမည့် ပန်းချီအလှူပွဲအဖြစ် မင်္ဂလာမန္တလေးဟိုတယ်တွင် ရှားပါးပန်းချီကားများအပါအဝင် ပန်းချီကား ၇၀ ကျော် ခင်းကျင်းပြသ



**မန္တလေး ဒီဇင်ဘာ ၂၁**

Myanmar Art Centre နှင့် Mingalar Mandalay Hotel တို့ ပူးပေါင်းကျင်းပသည့် ပန်းချီအလှူပွဲ၊ ပန်းချီပြပွဲ ဖွင့်ပွဲကို ယနေ့ ညနေ ၄ နာရီမှ ၇ နာရီထိ ချမ်းမြသာစည်မြို့နယ်၊ မင်္ဂလာမန္တလေးဟိုတယ်၊ သဇင်ခန်းမတွင် ကျင်းပခဲ့ရာ ပန်းချီချစ်သူများ၊ ပန်းချီစုဆောင်းသူများ တက်ရောက်ခဲ့ကြသည်။

ပန်းချီအလှူပွဲ၊ ပန်းချီပြပွဲတွင် ပန်းချီကားတန်ဖိုး နှစ်သိန်းမှ သိန်းနှစ်ရာတန်ထိ ပန်းချီကားပေါင်း ၇၀ ခင်းကျင်းပြသထားပြီး ပန်းချီပွဲတွင် လာရောက်ဝယ်သူများကို ပုံမှန်ဈေးနှုန်းထက် ၂၀ ရာခိုင်နှုန်း လျှော့ချရောင်းပေးပြီး ရောင်းရငွေများထဲမှ ၂၀ ရာခိုင်နှုန်းကို မန္တလေးပရဟိတ အသင်းအဖွဲ့များကို လှူဒါန်းသွားမည့်ပွဲဖြစ်ကြောင်း ပွဲစီစဉ်သူများထံက သိရသည်။

"မန္တလေးပရဟိတအဖွဲ့တွေကို လှူဒါန်းမယ့် ရည်ရွယ်ချက်နဲ့ ပန်းချီအလှူပွဲအဖြစ် မင်္ဂလာမန္တလေးဟိုတယ်နဲ့ ပူးပေါင်းကျင်းပဖြစ်သွားတာပါ၊ ရန်ကုန်၊ မန္တလေးက ပန်းချီဆရာ ၄၀ ကျော်ရဲ့ ပန်းချီလက်ရာကားပေါင်း ၁၀၀ ကျော် ခင်းကျင်းပြသထားပါတယ်။ ဒီပန်းချီပြပွဲမှာ လာရောက်ဝယ်ယူသူတွေကို ပုံမှန်ဈေးနှုန်းထက် ၂၀ ရာခိုင်နှုန်း လျှော့ပေးဖြစ်သလို ရောင်းချရငွေထဲက ၂၀ရာခိုင်နှုန်းကို မန္တလေးပရဟိတအဖွဲ့တွေကို လှူဒါန်းပေးသွားမှာပါ။ မနက်ဖြန်မှာတော့ ရှေးဟောင်းပစ္စည်းတွေကို အလင်းအမှောင်ချိန်ပြီး မန္တလေးက ပန်းချီဆရာကြီးတွေက ပန်းချီရေးဆွဲကြမှာပါ။ ပန်းချီချစ်သူတွေ ပန်းချီကားတွေလာရောက်ကြည့်ရှုဖို့နဲ့ ပန်းချီကားစုဆောင်းသူတွေအနေနဲ့လည်း ပရဟိတအလှူလေးမှာ ပါဝင်ပြီးသားဖြစ်လို့ ပန်းချီပြပွဲကို လာကြည့်ဖို့ဖိတ်ခေါ်ပါတယ်" ဟု ဒေါ်ခင်သက်ဦးက မန္တလေးနေ့စဉ်ကို ပြောသည်။

အဆိုပါပန်းချီပြပွဲနှင့်အတူ ဒီဇိုင်းနာ ကိုမျိုးမင်းစိုး၏ ကျေးလက်ဒေသ ထုတ်ကုန်တွေကို ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေနှင့် ထုတ်ကုန်များအကြောင်းကိုလည်း မိတ်ဆက်ပြသွားမည် ဖြစ်သည်။

"ပန်းချီကားတွေချစ်တော့ ပန်းချီကားတွေဝယ်ဖြစ်သလို စုဆောင်းထားတာတွေလည်းရှိပါတယ်။ ဒီပွဲမှာ ရောင်းချရငွေထဲကနေ အစ်ကိုတို့အဖြူရောင်နှလုံးသားဖောင်ဒေးရှင်းမှာ လှူဒါန်းဖို့ရှိတော့ ပန်းချီပညာကိုချစ်မြတ်နိုးလို့ ပွဲလေးကို လာဖြစ်တာပါ။ဒီပွဲမှာလည်း ရွှေမျိုးရဲ့ ကျေးလက်ဒေသဦးစားပေးထုတ်ကုန်တွေကို ထုတ်လုပ်မှုလုပ်ငန်းစဉ်လေးကို ရှင်းပြပေးသွားမှာပါ။ မန္တလေးက အနုပညာတွေ ထွန်းကားတဲ့မြို့ဖြစ်တာနဲ့အညီ မန္တလေးရဲ့ ပြယုဂ် ရှားပါးအနုပညာလက်ရာတွေကို လာရောက်အားပေးကြပါလို့ ဖိတ်ခေါ်ပါတယ်" ဟု ဒီဇိုင်းနာ ကိုမျိုးမင်းစိုးက ပြောသည်။

ပန်းချီပြပွဲတွင် တစ်ပေပတ်လည် ပန်းချီကား ၃၀ နှင့် ရွှေတိဂုံစေတီ၊ မန္တလေးမဟာမုနိဘုရားကြီး၊ ကျိုက်ထီးရိုးစေတီပုံများ အပါအဝင် ဆရာရာဟုလာ၏ ရှားပါးပန်းချီကားအပါအဝင် ပန်းချီကား ၄၀ နှင့် စုစုပေါင်း ပန်းချီကား ၇၀ ကို ခင်းကျင်းပြသထားပြီး ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မန္တလေးပန်းချီဆရာများက ရှေးဟောင်းပစ္စည်းများကို လက်တွေ့ ပန်းချီရေးဆွဲခြင်း အစီအစဉ်ပါရှိရာ ပန်းချီချစ်သူများအတွက် လာရောက်ကြည့်ရှုသင့်သည့် ပန်းချီပြပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများနှင့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများဂုဏ်ပြု

နေပြည်တော် ဒီဇင်ဘာ ၂၁

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများနှင့် ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျန်းမာရေးစောင့်ရှောက်မှုတွင် ပါဝင်ဆောင်ရွက်သည့် အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ၊ အထောက်အကူပြု ကျန်းမာရေးဝန်ထမ်းများ၊ ပံ့ပိုးအုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသားအားကစားပွဲတော် ကျန်းမာရေးစောင့်ရှောက်မှုတွင် ဆေးကုသရေးလုပ်ငန်းအတွက် နေပြည်တော်ရှိ ကျန်းမာရေးဝန်ထမ်းများသာမက တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျန်းမာရေးဝန်ထမ်းများပါစုစည်း ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ပြင်ကျန်းမာရေးဝန်ကြီးဌာနသာမက တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများပါ စုဖွဲ့၍ လူအင်အား ၃၀၀ နီးပါး ဆေးအဖွဲ့များဖွဲ့စည်းကာ ပါဝင်ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လစ်ဟာမှုမရှိအောင် စီမံအုပ်ချုပ်မှု ဆောင်ရွက်ပေးသော တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အားကစားပြိုင်ပွဲများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကာ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားအားကစားပြိုင်ပွဲကာလတစ်လျှောက်လုံးတွင် လူနာ ၅၈၀၀ ကျော် ကြည့်ရှုကုသပေးနိုင်ခဲ့ပြီး အားကစားပြိုင်ပွဲများတွင် ထိခိုက်မှုလူနာပေါင်း ၁၃၇၁ ဦး၊ တိုင်းရင်းဆေးခန်းတွင် လူနာ ၁၄၈၇ ဦး၊ အထူးကုဆေးခန်းများတွင် လူနာ ၉၂ ဦး၊ တည်းခိုနေထိုင်သည့် နေရာများတွင် ၂၃၁၄ ဦး၊ ဖျော်ဖြေရေးအဖွဲ့များ လေ့ကျင့်ခြင်းနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများတွင် ၅၅၇ ဦး၊ ဆေးရုံတက်ရောက်ကုသသူပေါင်း ၄၂ ဦးတို့ကို ကုသမှုများပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အင်းလေးဒေသ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အင်းသားရိုးရာလှေပြိုင်ပွဲ ကျင်းပမည်

ညောင်ရွှေ ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးစည်သူကျော်က ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များက အကြံပြုဆွေးနွေးတင်ပြခဲ့သည်။

အင်းလေးဒေသ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အင်းသားရိုးရာလှေပြိုင်ပွဲကို ဒီဇင်ဘာနောက်ဆုံးပတ်တွင် တစ်ကြိမ်၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် တစ်ကြိမ်၊ ဖေဖော်ဝါရီလ ပထမပတ်တွင် တစ်ကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရှေ့ဖုံးမှ

(ဃ) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက် (စနေနေ့)နှင့် ၂၈ ရက်(တနင်္ဂနွေနေ့) တို့ကြားရှိ **ဒီဇင်ဘာလ ၂၆ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)။

**အထက်ပါ ပိတ်ရက်ရှည်အဖြစ် သတ်မှတ်ပေးသည့် ရုံးပိတ်ရက်ရှည်များ၏ ရှေ့လာမည့် အနီးဆုံး စနေနေ့တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်မည်ဖြစ်သည်။** ပထမရုံးပိတ်ရက် ၅ ရက်အတွက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ စနေနေ့သည် အစားထိုးရုံးတက်ရက်ဖြစ်သော်လည်း ယင်းနေ့သည် လွတ်လပ်ရေးနေ့ဖြစ်၍ **ဇန်နဝါရီလ ၁၁ ရက်(စနေနေ့)**၊ ဒုတိယရုံးပိတ်ရက်ရှည်အတွက် **မတ်လ ၂၂ ရက်(စနေနေ့)နှင့် မတ်လ ၂၉ ရက် (စနေနေ့)**၊ တတိယရုံးပိတ်ရက်ရှည်အတွက် **နိုဝင်ဘာလ ၈ ရက် (စနေနေ့)**၊ စတုတ္ထရုံးပိတ်ရက်ရှည်အတွက် ၂၀၂၆ ခုနှစ်၊ **ဇန်နဝါရီလ ၃ ရက် (စနေနေ့)တို့ကို အစားထိုး ရုံးတက်ရက်များအဖြစ် သတ်မှတ်မည်**ဖြစ်ကြောင်း သိရှိရသည်။

**အရှေ့တောင်အာရှ ချန်ပီယံရှစ်(မစ်ဆူဘီရှီ အီလက်ထရစ်ပလား) ဘောလုံးပြိုင်ပွဲ (အုပ်စု-၁) အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဗီယက်နမ် | ၅ | - | ၀ | မြန်မာ |
| အင်ဒိုနီးရှား | ၀ | - | ၁ | ဖိလစ်ပိုင် |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| စတုဂတ် | ၀ | - | ၁ | စိန့်ပေါလီ |
| ဖရန့်ဖတ် | ၁ | - | ၃ | မိန့်ဇ် |
| ဟော်ဖန်ဟိမ်း | ၁ | - | ၂ | ဂလာဘတ် |
| ဝါဒါဘရီမင် | ၄ | - | ၁ | ယူနီယံဘာလင် |
| ဟော်စတိုင်း | ၅ | - | ၁ | အော့စ်ဘတ် |

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဗီလာ | ၂ | - | ၁ | မန်စီးတီး |
| ဘရန့်ဖို့ဒ် | ၀ | - | ၂ | နော်တင်ဟမ် |
| အစ်ဆွစ်ချ် | ၀ | - | ၄ | နယူးကာဆယ် |
| ဝက်စ်ဟမ်း | ၁ | - | ၁ | ဘရိုက်တန် |

**အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| တိုရီနို | ၀ | - | ၂ | ဘိုလော့ညာ |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၈)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၀ | - | ၁ | မာယော့ကာ |
| ဆဲလ်တာဗီို | ၂ | - | ၀ | ဆိုစီဒက် |

သတင်း-စာမျက်နှာ ၂၄
























Mandalay City Development Committee
MANDALAY
- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

## Asean Cup အုပ်စု (B) တွင် မြန်မာအသင်း အုပ်စုမှထွက်ရပြီး ဗီယက်နမ်နှင့် ဖိလစ်ပိုင် ဆီမီးဖိုင်နယ်တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၂၁

၂၀၂၄ Asean Cup ပြိုင်ပွဲအုပ်စု (B) နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၂၁ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲက တစ်ချိန်တည်း ယှဉ်ပြိုင်ကစားရာ မြန်မာအသင်း အဝေးကွင်း၌ အရေးနိမ့်ပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အဝေးကွင်းတွင် နာမည်ကြီး ဗီယက်နမ်အသင်းကို အရေးနိမ့်သဖြင့် အုပ်စုမှထွက်ခဲ့ရသည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးမရှိသရေ ကစားနိုင်ပြီးမှ ဒုတိယပိုင်းတွင် ဂိုးများ ဆက်တိုက်ပေးလိုက်ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများ ပြုလုပ်လာပြီး ပြည့်ဖြိုးသူ (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ လတ်ဝေဘုန်း၊ စိုးမိုးကျော်၊ သီဟထက်အောင်၊ ဥက္ကာနိုင်၊ ဝေလင်းအောင်၊ လွင်မိုးအောင်၊ သီဟဇော်၊ ရဲရင့်အောင်၊ ဝင်းနိုင်ထွန်းတို့ကို အသုံးပြုခဲ့သည်။ ဗီယက်နမ်အသင်းသည် ပွဲစကတည်းက မြန်မာအသင်းဘက်သို့ ဖိအားပေးနိုင်ခဲ့ပြီး ဘရာဇီးမွေးစားနိုင်ငံသား ရာဖေးလ်ဆင်ကို မထိန်းနိုင်သဖြင့် အခွင့်အရေးများ ပေးခဲ့ရသည်။ ပထမပိုင်းတွင် ဗီယက်နမ်အသင်း အဆုံးသတ် မသေချာသဖြင့် ဂိုးမရသော်လည်း ဒုတိယပိုင်းတွင် ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်း ခံစစ်အားနည်းမှုနှင့် ကစားအားကျလာမှုကို အခွင့်ကောင်းယူကာ ၄၈ မိနစ်တွင် ဗီဟောင်ဗူ၊ ၅၅၊ ၉၀ မိနစ်တွင် ရာဖေးလ်ဆင်၊ ၇၄ မိနစ်တွင် ငုယင်ကွမ်ဟိုင်နှင့် ၉၀+၂ မိနစ်တွင် ငုယင်သီလင်တို့က သွင်းယူသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ဖိလစ်ပိုင်အသင်းက အိမ်ရှင်အင်ဒိုနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။ ဖိလစ်ပိုင်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၆၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ခရစ္စတန်ဆန်က သွင်းယူသည်။ အုပ်စု (B) ပွဲစဉ်များ အပြီးတွင် ဗီယက်နမ်အသင်းက ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ ဖိလစ်ပိုင်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး လေးမှတ်စီရရှိသည့် အင်ဒိုနီးရှားနှင့် မြန်မာ၊ နှစ်မှတ်ရရှိသည့် လာအိုအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ထိုင်းနှင့် ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် စင်ကာပူအသင်း တွေ့ဆုံမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF



## မူဆယ်မြို့ မီနီမာရသွန်အပြေးပြိုင်ပွဲ ဒေသခံပြည်သူ ၂၅၀၀ ကျော် ပါဝင်ယှဉ်ပြိုင်

မူဆယ် ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မင်္ဂလာမူဆယ်လမ်းမကြီး ရွှေလီမြစ်ဘေး မြို့ပတ်လမ်း၌ မီနီမာရသွန်(4km/13Km/18km) အပြေးပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီက ပြုလုပ်သည်။

ဦးစွာ မီနီမာရသွန်ပြိုင်ပွဲ (4km/13Km/18km) အားကစားသမားများအတွက် စည်းကမ်းချက်များနှင့် ပြေးလမ်းကြောင်းဆောင်ရွက်ထားရှိမှုအခြေအနေများကို မြို့နယ်အားကစားမှူး ဦးမြင့်ထွေးက ရှင်းလင်းပြောကြားသည်။ ထို့နောက် မူဆယ်မြို့ အထက(၁)၊ အထက(၃)ကျောင်းသား ကျောင်းသားသူများက Zumba, Finance Dance အကများဖြင့် ဧည့်ခံဖျော်ဖြေသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက မီနီမာရသွန်အပြေးပြိုင်ပွဲ ဂုဏ်ပြုကြိုဆိုအမှာစကား ပြောကြားသည်။ မူဆယ်မြို့၌ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုတွင် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ မီနီမာရသွန်အပြေးပြိုင်ပွဲပြုလုပ်ခြင်းဖြစ်ကြောင်း အပြေးပြိုင်ပွဲတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ GYM အားကစားခန်းမများမှ အားကစားသမားများ၊ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး နှင့် စိတ်ပျော်ရွှင်မှုရရှိရေး ပါဝင်အပြေးပြိုင်ကြသည်။



ထို့နောက် မီနီမာရသွန် အပြေးပြိုင်ပွဲဝင် အားကစားသမားများအား ရပ်မိရပ်ဖ ဦးကိန်မိုင်က သေနတ်ဖောက်၍ တာလွှတ်ပေးသည်။

တစ်ဆက်တည်း မီနီမာရသွန်အပြေးပြိုင်ပွဲဆုချီးမြှင့်ပွဲကို ကျင်းပရာ ဌာနဆိုင်ရာ(4Km) အပျော်တမ်းပြိုင်ပွဲ(အမျိုးသား) (အမျိုးသမီး) (၁မှ၇)အထိပန်းဝင်သူများ၊ (4Km) အပျော်တမ်းပြိုင်ပွဲ(၁မှ ၇၀)အထိ ပန်းဝင်သူများ၊ (13Km)(အမျိုးသား)(အမျိုးသမီး) အပြေးပြိုင်ပွဲဝင် (၁မှ၅၀)အထိ ပန်းဝင်သူများ၊ (18Km)(အမျိုးသား)(အမျိုးသမီး) အပြေးပြိုင်ပွဲဝင် (၁မှ၅၀)အထိ ပန်းဝင်သူများကို တာဝန်ရှိသူများက ဆုချီးမြှင့်သည်။ မီနီမာရသွန်ပြိုင်ပွဲတွင် ပြိုင်ပွဲအလိုက် ဒေသခံတိုင်းရင်းသားပေါင်းစုံ ၂၈၃၀ ဝင်ရောက်အပြေးပြိုင်ကြပြီး အပျော်တမ်းပြိုင်ပွဲ (4Km)တွင် ၁၀၀၀ ရှိပြီး ပထမဆုကို မောင်ဟိန်းဝေအောင်ကလည်းကောင်း၊ ဒုတိယဆုကို မောင်ဟန်မင်းနိုင်ကလည်းကောင်း၊ တတိယဆုကို မောင်မျိုးခန့်ကိုက ရရှိပြီး တစ်ဝက်ပြိုင်ပွဲ (13Km) တွင် ၁၂၀၀ ဝင်ရောက်အပြေးပြိုင်ကြပြီး ပထမဆုကို စိုင်းဆိုင်ဟန်လှိုင်က လည်းကောင်း၊ ဒုတိယဆုကို မောင်ကောင်းခန့်ဇော်ကလည်းကောင်း၊ တတိယဆုကို မောင်စိုင်းလောဝ်ခေးကလည်းကောင်း၊ အပြည့်ပြိုင်ပွဲ (18Km)တွင် ၆၃၀ အပြေးပြိုင်ကြပြီး ပထမဆုကို မောင်မိုင်းထွန်းဦးကလည်းကောင်း၊ ဒုတိယဆုကို မောင်ဇော်ခိုင်ကလည်းကောင်း၊ တတိယဆုကို မောင်ဖီးလစ်ကလည်းကောင်းရရှိကြပြီး နယ်စပ်ဒေသ မူဆယ်မြို့၌ အေးချမ်းသာယာလျက်ရှိကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)

## ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် တောင်သူများအတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၆ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၇ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၄၄ ဒီဂရီဖာရင်ဟိုက်မှ ၅၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ၅၅ ဒီဂရီဖာရင်ဟိုက်မှ ၆၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၂ ရာခိုင်နှုန်းမှ ၇၁ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် ၈၂ ရာခိုင်နှုန်းမှ ၉၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၁၈ မီလီမီတာမှ ၂၇ မီလီမီတာအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၈ မီလီမီတာမှ ၃၇မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၃၈ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် (စိုစွတ်) အခြေအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

# ပဲရာသီတွင် မန္တလေးပဲဈေးကွက်သို့ ပဲလွန်းဖြူအသစ်များ စတင်ဝင်ရောက်လာကာ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၂၁**

၂၀၂၅ ခုနှစ် ပဲရာသီအကြို တွင် ပဲလွန်းဖြူအသစ်များ မန္တလေးပဲဈေးကွက်သို့ စတင်ဝင်ရောက်လာကာ အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပဲလွန်းဖြူအသစ်များမှာ ထွက်ရှိလာပြီး ဈေးကွက်သို့ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ တကောင်း၊ ကြာညှပ်၊ ထီးချိုင့်နယ်၊ ကျောက်ဆည်နယ်များမှ ဝင်ရောက်လာကြောင်း၊ ဈေးနှုန်းမှာလည်း ပြီးခဲ့သည့် ပေါ်ဦးပေါ်ဖျားအချိန်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ်စခဲ့သော်လည်း ယခုလက်ရှိအချိန်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀ ဈေးနှုန်းဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

''ဒီပဲလွန်းဖြူအသစ်က နှစ်စဉ် နတ်တော်လဆန်းမှာ ပုံမှန်ထွက်ရှိလို့ နတ်တော်ပဲလို့ ခေါ်ကြပါတယ်၊ ပဲရာသီရဲ့ နှစ်အစမှာ ဈေးကွက်ကို အစောဆုံးဝင်ရောက်လာတဲ့အပြင် စိုက်ပျိုးသူတောင်သူတွေအတွက်လည်း နှစ်စဉ်ဈေးကောင်းရပြီး ရွေဝယ်နိုင်ကြတဲ့အတွက် ကျောက်ဆည်နယ်ဘက်က ကျေးရွာတွေမှာ ဒီပဲကို ရွှေဆိုင်အမည်တပ်ပြီးတောင် ခေါ်ကြတယ်၊ ပြည်တွင်းမှာလည်းစားသုံးကြပါတယ်၊ ပြည်ပနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ ဂျပန်၊ တရုတ်နဲ့ ဥရောပနိုင်ငံတွေကို အဓိက တင်ပို့ရောင်းချရတာပါ။ ဒီနှစ်က တောင်သူတွေ ဈေးကောင်းရရှိနေပါတယ်၊ ဒီပဲက တစ်နှစ်ကို ဆောင်းသီးနှံအဖြစ် တစ်ရာသီပဲ စိုက်ပါတယ်၊ ဒီနှစ်မှာ ရာသီဥတုက အသင့်အတင့်ကောင်းမွန်တာကြောင့် အလုံးအဖန်ကောင်းကာ အရည်အသွေးကောင်းမွန်တဲ့ ပဲလွန်းဖြူတွေ ဝင်ရောက်လာပါတယ်၊ မကြာခင်ကာလမှာလည်း ပဲစင်းငုံ၊ ကုလားပဲ၊ မြေထောက်ပဲတွေလည်း ထွက်ရှိလာတော့မှာပါ''ဟု ၄င်းက ရှင်းပြသည်။

အဆိုပါ ပဲလွန်းဖြူကို ဇရာဝတီ၊ ချင်းတွင်းမြစ်ကမ်းအနီးရှိ မြစ်ရေဝင်ဒေသများတွင် မြစ်ရေကျချိန် မြေနုကျွန်းများပေါ်၌ တော်သလင်းလနှင့် သီတင်းကျွတ်လတို့တွင် စတင်စိုက်ပျိုးကြပြီး ကျောက်ဆည်၊ မတ္တရာ၊ စဉ့်ကူး၊ ဝမ်းတွင်း၊ သဲတော၊ မုံရွာ၊ ပခုက္ကူ၊ စလင်းနှင့် ဆင်ဖြူကျွန်းမြို့နယ်များမှ အများဆုံးထွက်ရှိကာ မြန်မာနိုင်ငံအောက်ပိုင်းရှိ ဟင်္သာတ၊ ဇလွန်၊ ခရမ်းသုံးခွမြို့နယ်များတွင်လည်း အထူးစိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

(၀၇၃)

၀-၀-၀-၀-၀

၀-၀-၀



# ပြင်ဦးလွင်ခရိုင် လူထုအခြေပြုပဟိုဌာနတွင် Book Club အဖွဲ့ဝင်များဖြင့် စာပတ်ဝိုင်း ဆွေးနွေးပွဲ ပြုလုပ်

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် စာရေးဆရာ ဒေါက်တာခင်မောင်ညို ရေးသားသည့် ''လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း'' စာအုပ်ဖြင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က စာပေဝါသနာရှင်များနှင့် Book Club အဖွဲ့ဝင်များဖြင့် ယခုကဲ့သို့ စာဖတ်ဝိုင်း ပြုလုပ်၍ ဆွေးနွေးခြင်းဖြင့် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေခြင်း၊ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်နိုင်ခြင်း၊ အတွေးအခေါ်နှင့် အသိအမြင်များ တိုးပွားလာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာ ဒေါက်တာခင်မောင်ညို ရေးသားသည့် ''လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း''စာအုပ်ဖြင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ Book Club အဖွဲ့ဝင်များဖြစ်ကြသည့် မောင်ဘုန်းမြတ်လင်းက ဦးဆောင်ဆွေးနွေးခဲ့ပြီး မရည်မွန်သိမ့်က ''လူငယ်နှင့် တာဝန်သိမှု''ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်ခန့်ကျော်စွာဝင်းက ''လူငယ်နှင့် အောင်မြင်ခြင်း''ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မနှင်းယုမွန်က ''လူငယ်နှင့် အလှအပ'' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မချစ်စုဝင်းက ''လူငယ်နှင့် စူးစမ်းစိတ်''ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မအင်ကြင်းသူက ''လူငယ်နှင့် အမှား''ခေါင်းစဉ်ဖြင့် လည်းကောင်း စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြရာ ပြင်ဦးလွင်ခရိုင် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင် စာရေးဆရာ ကိုရွှေအောင်သင်းနှင့် ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်း ခရိုင်ဒုတိယဥက္ကဋ္ဌ ဒေါ်အေဇင်မေတို့က ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြပြီး စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသူများက မိမိတို့၏ အမြင်များကို ချစ်ခင်ရင်းနှီးစွာ အပြန်အလှန် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**တင်ဇာလွင်(ခရိုင် ပြန်/ဆက်)**

၀-၀-၀-၀-၀

# မြစ်သားမြို့နယ်တွင် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် (Grade-5/9) အရည်အသွေးမြင့် ဆွေးနွေးပွဲသင်တန်းအခမ်းအနား ကျင်းပ



**မြစ်သား ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် (Grade-5/9) သင်ကြားပေးသော ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်တင်ပေးရန် ရည်ရွယ်၍ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် (Grade-5/9) အရည်အသွေးမြှင့် ဆွေးနွေးပွဲသင်တန်းကို အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ကျန်စစ်သားခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

(အပေါ်ပုံ)

ရှေးဦးစွာ သင်တန်းမှူး ဒေါ်ပုံးကြည်(မြို့နယ်ပညာရေးမှူး) က အဖွင့်အမှာစကားပြောကြားပြီးနောက် သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆိုင်ရာ စည်းကမ်းများနှင့် သင်ကြားပေးသည့်အတွေ့အကြုံများကို မိမိတို့ကျောင်းသို့ ရောက်ရှိသည့်အခါ ကျောင်းအုပ်ကြီးများ၏ ကြီးကြပ်မှုကို ခံယူပြီး မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦးပေါင်း စပ်၍ ဟန်ချက်ညီအောင်ဆောင်ရွက်ခြင်းအားဖြင့် မူလတန်း၊ အလယ်တန်းအဆင့် သင်ကြားရေးလုပ်ငန်း ဆောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသင်တန်းတွင် မြစ်သားမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများမှ မူလတန်း၊ အလယ်တန်းသင်ပြသော သင်တန်းသား၊ သင်တန်းသူ ၄၂၄ ဦး ဖြစ်ပြီး သင်တန်းနည်းပြ ၃၅ ဦးနှင့် သင်တန်းမှူး ၁ ဦး တက်ရောက်၍ ထိုသင်တန်းကို ဒီဇင်ဘာ ၂၄ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး (Talk Show) ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၁**

မဟာအောင်မြေမြို့နယ် Community Centre ခန်းမ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး Talk Show ကို ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျော့ကျရေးဆိုင်ရာနှင့် ပတ်သက်၍ မေးမြန်းရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောပြည့်မွန်က မီးခိုးမြူငွေ့ဆိုတာ အခိုးအငွေ့များ၊ အမှုန်များ၊ ရေခိုးရေငွေ့နှင့် အခြားအငွေ့ပျံစေနိုင်သည့် အရာများ လေထုထဲတွင် ပေါင်းစပ်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ မြေပြင် တောမီးနှင့် အခြားအကြောင်းအရင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းမှုတို့မှ ထွက်ပေါ်လာသော အခိုးအငွေ့များဖြစ်ပြီး ၄င်းအခိုးအငွေ့များသည် ပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးကို သာမက သက်ရှိ၊ သက်မဲ့ သယံဇာတအရင်းအမြစ်များကို ဆိုးရွားစွာအကျိုးသက်ရောက်မှုဖြစ်ပေါ်နိုင်ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း မလိုလားအပ်သည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ လူသားတို့ကြောင့်ဆိုရင်တော့ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ၊ အခြားစွန့်ပစ်ပစ္စည်းများ၊ မီးရှို့ခြင်း၊ အမဲလိုက်ခြင်းနှင့် ပျားရည်စုဆောင်းရန် မီးမြှိုက်ခြင်း၊ စက်ရုံအလုပ်ရုံများမှ အလွန်အကျွံ မီးခိုးများ ထုတ်လွှတ်ခြင်း၊ ပေါ့ဆီမီးလောင်ကျွမ်းခြင်း၊ အမှိုက်ပုံများ မီးလောင်ခြင်း၊ ရိုးပြတ်များနှင့် စပါးခွံများ မီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းတို့ကြောင့် ဖြစ်လာရကြောင်း စသည်များဖြင့် ပြောကြားခဲ့သည်။

(၀၅၆)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## The Substance က ကိန်းရုပ်ရှင်ပွဲတော်တွင် ရလဒ်ကောင်းရရှိ

အမျိုးသမီးဒါရိုက်တာ ကောလင်းဖာဂရိတ်ရိုက်ကူးထားပြီး ဒဲမီမိုးနှင့်မာဂရက်ကွာလေတို့ပါဝင်ထားသည့် The Substance ရုပ်ရှင်သည် ကိန်းရုပ်ရှင်ပွဲတော်တွင် ရလဒ်ကောင်းရရှိထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




၂၀၂၄ ခုနှစ်အတွက် ဝေဖန်မှုများစွာကြားမှ အဆိုပါရုပ်ရှင်သည် body horror အဖြစ် ရေပန်းစားနေကာ ဟောလိဝုဒ်မင်းသမီးတစ်ဦးက ကျဆင်းနေသောသူ့နာမည်ကို အနုပညာလောကတွင် ပြန်အဖတ်ဆယ်ရန် ဆေးတစ်မျိုးသုံးခဲ့ရာမှ ဖြစ်ပေါ်လာသော ကောင်းကျိုးဆိုးကျိုးများကို ပြသထားသည်။

ယင်းရုပ်ရှင်ဇာတ်ကားနောက်ကွယ်မှ စိတ်ဝင်စားစရာအကြောင်းအရာများစွာရှိခဲ့ပြီး ပရိသတ်ကို ဝေမျှပေးထားရာ CGI နှင့် AI အသုံးပြုမှုနည်းပါးခဲ့ပြီး၊ ဒမ်မီမိုးမှာ အသက် ၆၁နှစ်အရွယ် သရုပ်ဆောင်ထားပုံ စသည်တို့ကိုတွေ့ရှိရသည်။

SKY



## ချောကလက်မည်း ပုံမှန်စားသုံးခြင်းကြောင့် ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေ လျှော့ချပေးနိုင်

ချောကလက်မည်းတွင် သစ်သီးများနှင့်ဟင်းသီးဟင်းရွက်များ၌ တွေ့ရသော ဖလာဗိုနွိုက်ခေါ်ဓာတ်ပစ္စည်းကြွယ်ဝစွာပါဝင်လျက်ရှိသည်။

ချောကလက်နှစ်သက်သူများက ခါးသက်သက်နှင့်ဆိမ့်သော အရသာရှိသည့် ချောကလက်မည်းကို သွားရည်စာအဖြစ် နှစ်သက်စွာစားသုံးလေ့ရှိကြသည်။

အမေရိကန်ပြည်ထောင်စုတွင် ချောကလက်မည်း စားသုံးသူများလာသဖြင့် အကျိုးအာနိသင်မည်သို့ရှိနိုင်မည်ကိုသိရန် အမျိုးသားကျန်းမာရေးအဖွဲ့အစည်းမှ သုတေသီများ လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ချောကလက်မည်းကို တစ်ပတ်လျှင် ၅ရက်အထိ ပုံမှန်စားသုံးခြင်းကြောင့် ဆီးချိုအမျိုးအစား ၂မျိုး ဖြစ်ပွားနိုင်ခြေကိုပင် လျော့ကျစေနိုင်မည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

SCI

## Mary Crosby မင်းသမီးက White Christmas New Version အတွက် ကျေးဇူးတင်စကားပြောကြား

ကမ္ဘာကျော်အနုပညာရှင် Bing Crosby ၏ White Christmas သီချင်းကို နယူးဗားရှင်းနှင့် ပြန်လည်သီဆိုသည့်အတွက် မိသားစုဝင်များဖြစ်သည့် သားနှင့်သမီးအနုပညာရှင် မေရီခရော့ဘီတို့က ကျေးဇူးတင်စကားပြောကြားထားကြသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်က ဖော်ပြသည်။

ဟောလိဝုဒ်မင်းသမီးမေရီခရော့ ဘီ (၆၅)နှစ်က မိသားစုဝင်တစ်ဦးအနေဖြင့် ဖခင်အသံနှင့်အတူ ဘီတီအက်စ်မှ ဗွီ၏လှပသောအသံနှင့် Jazz music ပြန်လည်သီဆိုဖျော်ဖြေမည့် White Christmas အတွက် ရင်ခုန်၍ ပျော်ရွှင်ရသည်ဟု ဆိုသည်။

သားဖြစ်သူလုပ်ငန်းရှင် ဟယ်ရီခရော့ဘီ(၆၆)နှစ်ကလည်း ကန့်သတ်မဲ့ Timeless Christmas ကို ယခုလိုသယ်ဆောင်ကူညီပြီး မျှဝေမည်ဟုဆို၍ ပျော်ရွှင်ရကြောင်း တေးရေးဆရာ အိုင်လင်းဗာလင်ကလည်း အဆိုပါမျှဝေမှုကို ထပ်ဆင့်ဝေမျှပေးထားကာ ကာဗာပြန်ဆိုမှုကြေညာနောက် မီဒီယာများအားလုံးတွင် ခေတ်ပေါင်းကူးတံတားဟုဆို၍ ထိပ်ဆုံးသတင်းတစ်ပုဒ်အဖြစ် ဖော်ပြခဲ့ထားရသည်။



SKY

## Yang Zi သရုပ်ဆောင်ချင်စိတ်နှင့် မင်းသမီးဖြစ်လာ

တရုတ်အနုပညာလောကတွင် တောက်ပလာသည့် ကြယ်တစ်ပွင့်ဖြစ်သည့် ယောင်ဇီသည် သရုပ်ဆောင်ချင်စိတ်တစ်ခုတည်းနှင့် မင်းသမီးဖြစ်လာပြီး ပြီးပြည့်စုံသည့် ဇာတ်လမ်းတွဲများစွာကို ဖန်တီးပေးသူဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယောင်ဇီသည် ၁၉၉၂ ခုနှစ် နိုဝင်ဘာ ၆ ရက်ဖွားဖြစ်၍ အသက် ၃၂ နှစ်ရှိပြီဖြစ်ကာ အသက် ၅ နှစ်မှစ၍ ကလေးသရုပ်ဆောင်အဖြစ် ဝင်ရောက်ခဲ့ပြီး အရွယ်ရောက်ချိန်တွင် ရရှိလာသည့် ဇာတ်ကောင်အပေါ်စိတ်နှစ်၍ သရုပ်ဆောင်ချင်စိတ်နှင့် စိန်ခေါ်မှုများစွာကို ကျော်ဖြတ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ်များတွင် ကျော်ကြားမှုရရှိခဲ့ကာ ၂၀၁၈ တွင် Ashes of Love နှင့် ရွှေနှစ်စတင်၍ ၂၀၁၉ ခုနှစ်တွင် Go Go Squid နှင့် ထိပ်တန်းရောက်ခဲ့ကာ ၂၀၂၂ ခုနှစ်တွင် The Oath of Love ၊ ၂၀၂၃ ခုနှစ်တွင် Lost You Forever ၊ ၂၀၂၄ ခုနှစ်တွင် Love Endures, Best Choice Ever တို့နှင့် စံချိန်တင်ခဲ့ကာ ရုပ်ရှင်နှင့် ရုပ်သံဇာတ်ကားများစွာတွင် ပါဝင်ထားသည်။

ယောင်ဇီသည် အနုပညာထူးချွန်ဆုများစွာပိုင်ဆိုင်ထားပြီး ဖက်ရှင်မဂ္ဂဇင်းများတွင်လည်း ပါဝင်ကာ ကုန်အမှတ်တံဆိပ်များစွာနှင့် လက်တွဲထားသည်။

SKY



## Saif Alikhan အနုပညာနယ်တွင်သာမက လူမှုဘဝနယ်ပယ်တွင် အောင်မြင်မှုရရှိထား

ဘောလီဝုဒ်ထိပ်တန်းမင်းသားဆပ်အလီခန်းသည် အနုပညာလောကတွင်သာမက လူမှုဘဝနယ်ပယ်တွင်လည်း အောင်မြင်၍ သာယာသောမိသားစုကို ပိုင်ဆိုင်ထားသည်ဟု ဘောလီဝုဒ်ဝက်ဆိုက်တွင် ဖော်ပြသည်။



ဆပ်အလီခန်းသည် ဘောလီဝုဒ်အနုပညာလောကတွင် ထိပ်တန်းအနုပညာစာရင်းဝင်ဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားများစွာနှင့် အောင်မြင်မှုကို သိမ်းပိုက်ထားသူဖြစ်ပြီး၊ လူမှုရေးနယ်ပယ်တွင်လည်း ဆက်ဆံရေးကောင်းမွန်ကာ၊ သာယာသောမိသားစုနှင့် အိမ်ထောင်သက် ၁၂ နှစ် ပြည့်ပွဲကို ကျင်းပနိုင်ခဲ့သည်။

ဆပ်အလီခန်းသည် ပထမအိမ်ထောင်နှင့်လမ်းခွဲခဲ့ပြီး ကရီနားကပူးလ်နှင့် ဒုတိယအိမ်ထောင်ထူထောင်ထားကာ သားသမီးနှစ်ဦးနှင့် ၁၂ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ကို ခမ်းနားစွာကျင်းပနိုင်ခဲ့ကာ ပျော်ရွှင်သာယာသောမိသားစုဘဝကို ပိုင်ဆိုင်ထားသည်။

SKY

## Donnie Yen ၏ ရုပ်ရှင်သစ် The Prose Cutor ထွက်ရှိလာ

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယပတ်တွင် ရုံတင်မည့် ဒိုနီယန်၏ ရုပ်ရှင်သစ် The Prosecutor ကို ပရိသတ်စိတ်ဝင်တစားစောင့်မျှော်နေကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါရုပ်ရှင်ကို ဒိုနီယန်ကိုယ်တိုင် ဒါရိုက်တာ၊ သရုပ်ဆောင်အဖြစ် ပါဝင်ရိုက်ကူးထားပြီး အက်ရှင်ဇာတ်ကားကောင်းအဖြစ် ထူးခြားဆန်းသစ်မှုများနှင့် ဖန်တီးထားသည်။

ယင်းရုပ်ရှင်ဇာတ်ကားထွက်မည့်ရက်ကို တရားဝင်ဖော်ပြထားခြင်းမရှိသေးသော်လည်း ဒီဇင်ဘာလ တတိယပတ်တွင်ရုံတင်မည်ဟု ပရိသတ်များ ခန့်မှန်းထားကြပြီး ဒိုနီယန်၏တင်ပြမှုကို စိတ်ဝင်တစား စောင့်မျှော်နေကြသည်။

ထွက်ရှိလာသည့် ကြော်ငြာပိုစတာနှင့်ပင် ပရိသတ်ကို ဖမ်းစားနိုင်ခဲ့သည့် ဒိုနီယန်၏ ရုပ်ရှင်သစ် The Prosecutor မှာ ထူးခြားဆန်းသစ်မှုများစွာ ပါဝင်သည်။

SKY

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အမေရိကန်ကွန်ဂရက်က အသုံးစရိတ်အတည်ပြု၊ အစိုးရပိတ်ချမှုမဖြစ်တော့ဘဲ အဆင်ပြေသွားပြီဟု ဆို



**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

အမေရိကန်ကွန်ဂရက်က ဒီဇင်ဘာ ၂၀ ရက် ညပိုင်းတွင် အသုံးစရိတ်အတည်ပြုလိုက်ပြီဖြစ်ရာ အစိုးရပိတ်ချမှုမဖြစ်တော့ဘဲ အဆင်ပြေသွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရုံးပိတ်ရက်သုံးရက်မတိုင်မီ ကွန်ဂရက်က အသုံးစရိတ်နှင့်ပတ်သက်၍ အချိန်ကိုက်ဆုံးဖြတ်သဘောတူညီလိုက်ကြသဖြင့် ဒေါနယ်လ်ထရမ့်နှင့် အီလွန်မတ်စ်တို့ဖြစ်စေချင်သလို ဖြစ်မလာတော့ဘဲ အခြေအနေပြောင်းလဲသွားခဲ့သည်။

သမ္မတကျိုးဘိုင်ဒင်လက်ထက်တွင် အစိုးရပိတ်ချလိုက်ရပြီး ကသောင်းကနင်းဖြစ်ရသည်ဟူသောအခြေအနေသို့ ၄င်းတို့နှစ်ဦးက ရောက်စေချင်သဖြင့် ကွန်ဂရက်ရှိ ရီပတ်ဘလီကန် အမတ်များကို ဝါဒဖြန့်စည်းရုံးကာ ကန့်ကွက်မဲပေးရန် တိုက်တွန်းခဲ့ကြသည်။

သို့ရာတွင် အောက်လွှတ်တော်ဥက္ကဋ္ဌ ရီပတ်ဘလီကန်အမတ် မိုက်ခ်ဂျွန်ဆင်ကိုယ်တိုင်သည်ပင်လျှင် ထိုတိုက်တွန်းချက်ကို လျစ်လျူရှုခဲ့ပြီး အစိုးရအသုံးစရိတ်ကို မတ်လအထိ လျာထားသည့်အတိုင်း ဆက်လက်သုံးစွဲရန် အားပေးထောက်ခံခဲ့သည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလက ၃၅ ရက်ကြာသည်အထိ အစိုးရပိတ်ချမှုဖြစ်ရပ် အမေရိကန်သမိုင်းတွင် စံချိန်တင်ကြုံတွေ့ခဲ့ဖူးကြောင်း သိရသည်။ **Mon**

## ရှေ့လာမည့်နှစ်၌ ဂျာမနီရွေးကောက်ပွဲကျင်းပလျှင် အေအက်ဖ်ဒီပါတီဘက်မှ အီလွန်မတ် ထောက်ခံမည်

**ဘာလင် ဒီဇင်ဘာ ၂၁**

ရှေ့လာမည့်နှစ်၌ ဂျာမနီနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပလျှင် အေအက်ဖ်ဒီဟု အတိုကောက်ခေါ်ဝေါ်သော လက်ယာပါတီဘက်မှ မိမိ အားပေးထောက်ခံသွားမည်ဟု အီလွန်မတ်စ်က အိတ်ခ်စ်လူမှုကွန်ရက်မှတစ်ဆင့် ယမန်နေ့က အသိပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အေအက်ဖ်ဒီပါတီကသာ ဂျာမနီနိုင်ငံကို ကယ်တင်နိုင်လိမ့်မည်ဟု ၄င်းက ထိုလူမှုကွန်ရက်ပေါ်တွင် စာရေးသားပြီး လွှင့်တင်ထားသည်။

အမေရိကန်ကိုကျော်လွန်ပြီး ဂျာမနီနိုင်ငံနှင့်ပတ်သက်၍ အီလွန်မတ်စ်က ထိုသို့ လူသိရှင်ကြားစွက်ဖက်ပြောဆိုခြင်းကို ဂျာမနီပါလီမန်အမတ်အချို့က ဝေဖန်ကန့်ကွက်ခဲ့ကြသည်။

ဥရောပတိုက်တွင် စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် ဂျာမနီအနေဖြင့် နိုင်ငံရေးမတည်ငြိမ်မှုကြောင့် အမျိုးသားစီးပွားရေးထိခိုက်လျက်ရှိသည်။

ဝန်ကြီးချုပ် အိုလတ်ဖ်ရှုလ်ဇ် ဦးဆောင်သော အစိုးရအဖွဲ့ သက်တမ်းကုန်ဆုံးပြီးသွားပါက ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ရွေးကောက်ပွဲကျင်းပကာ အစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။ **Mon**



## ဂျာမနီနိုင်ငံ မတ်ဘာ့ဂ်မြို့ ခရစ်စမတ်ဈေးပွဲတော်ကျင်းပစဉ် လူအုပ်ထဲသို့ ကားဖြတ်မောင်းသဖြင့် လူငါးဦး သေဆုံး



**ဘာလင် ဒီဇင်ဘာ ၂၁**

ဂျာမနီနိုင်ငံ မတ်ဘာ့ဂ်မြို့တစ်နေရာ၌ ဒီဇင်ဘာ ၂၀ ရက် ညပိုင်းက ခရစ်စမတ်ပွဲတော်အထိမ်းအမှတ် ဈေးပွဲတော်ကျင်းပစဉ် လူအုပ်ထဲသို့ ကားဖြတ်မောင်းသဖြင့် လူငါးဦးသေဆုံးကာ ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုဈေးပွဲတော်ကျင်းပသောနေရာကို ကွန်ကရစ်အတားအဆီးများဖြင့် ကာရံထားသော်လည်း လူအများဝင်၊ ထွက်ရန်အပေါက်ကို ကျယ်ကျယ်ဟာထားပေးခဲ့ရာမှ တာလက်အေဟု အမည်ရသူက အနက်ရောင် ဘီအမ်ဒဗလျူကားကို ထိုအပေါက်မှတစ်ဆင့် ပွဲတော်လာပရိသတ်များရှိရာသို့ အရှိန်ပြင်းပြင်းဖြင့် မောင်းဝင်လာခဲ့ခြင်း ဖြစ်သည်။

ပြစ်မှုကျူးလွန်သူကို ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ပြီး ချက်ချင်းလက်ရဖမ်းဆီးနိုင်ခဲ့သည်။

၄င်းသည် စိတ်ရောဂါကုဆရာဝန်တစ်ဦးဖြစ်ပြီး ဆော်ဒီအာရေဗျနိုင်ငံမှ ဂျာမနီနိုင်ငံသို့ ၂၀၀၆ ခုနှစ်တွင် နိုင်ငံကူးပြောင်းလာကာ ၂၀၁၆ ခုနှစ်တွင် ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံထားရသူဖြစ်ကြောင်း သိရသည်။ **Mon**

## ဆီးရီးယားနိုင်ငံ၏ အနာဂတ်အသွင်ကူးပြောင်းရေးကိစ္စ အမေရိကန်ကိုယ်စားလှယ်များ ရှာရာနှင့် ပြောဆိုဆွေးနွေး



**ဒမတ်စကတ် ဒီဇင်ဘာ ၂၁**

ဆီးရီးယားနိုင်ငံ၏ အနာဂတ်အသွင်ကူးပြောင်းရေးကိစ္စနှင့်ပတ်သက်၍ ဒမတ်စကတ်ရောက် အမေရိကန်ကိုယ်စားလှယ်များ ယခင်သူပုန်အုပ်စုခေါင်းဆောင် အာမက်အယ်လ်ရှာရာနှင့် ယမန်နေ့က ပြောဆိုဆွေးနွေးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အစ္စလာမ္မစ်အစွန်းရောက်နှင့် ပူးပေါင်းကာ အိုင်အက်စ်တို့နှင့်လည်း ဆက်သွယ်ခဲ့သည်ဆိုသော ရှာရာကို အမေရိကန်အစိုးရက ဆုငွေဒေါ်လာ ၁၀ သန်းထုတ်ကာ ဖမ်းဆီးရန် ကြိုးစားခဲ့ဖူးသည်။

၄င်းဦးဆောင်သော သူပုန်အင်အားစုကိုလည်း အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာခဲ့ပြီး ထိုကြေညာချက်က တရားဝင်ရုပ်သိမ်းခြင်းမပြုဘဲ ဆက်လက်စွဲကိုင်ထားသည်။

သို့ရာတွင် ထိုသူပုန်အင်အားစုများက အိမ်စောင့်အစိုးရဖွဲ့ပြီးနောက် ရွေးကောက်ပွဲကျင်းပပေးမည်ဆိုသဖြင့် အမေရိကန်အစိုးရက ကိုယ်စားလှယ်အဖွဲ့စေလွှတ်ကာ ပြောင်းလဲသင့်သော နိုင်ငံရေးအခင်းအကျင်းနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးနေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အသက် ၉၁ နှစ်အရွယ် ဟိဒဲကောဟာကမတ သေဒဏ်မှလွတ်လာသော မောင်ကို စောင့်ရှောက်နေ



**တိုကျို ဒီဇင်ဘာ ၂၁**

ဂျပန်နိုင်ငံမှ အသက် ၉၁ နှစ်အရွယ် ဟိဒဲကောဟာကမတသည် ၄င်း၏ ၅၆ နှစ်ကြာကြိုးပမ်းမှုကြောင့် သေဒဏ်မှလွတ်လာသော မောင်ကို စောင့်ရှောက်ပေးနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၈၈ နှစ်အရွယ် မောင်ဖြစ်သူသည် ထောင်မှလွတ်လာပြီးနောက် စိတ်ကျန်းမာရေးချွတ်ယွင်းသွားသဖြင့် အစ်မက အနီးကပ်စောင့်ရှောက်ပေးနေခြင်း ဖြစ်သည်။

ထိုမောင်နှမနှစ်ဦးအကြောင်း ကြားသိရပြီးနောက်ပိုင်းတွင် ဂျပန်နိုင်ငံ၌ တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲသင့်ပြီဟု ဝေဖန်ထောက်ပြလာကြောင်း သိရသည်။

**Mon**

ဒီဇင်ဘာ ၂၁ ရက်က ယီမင်အခြေစိုက် ဟူသီသူပုန်များ ပစ်ခတ်တိုက်ခိုက်ခဲ့သော ဒုံးလက်နက်တစ်စင်း အစ္စရေးနိုင်ငံ တယ်လဗီမြို့အနီး ကျရောက်ပေါက်ကွဲပြီးနောက် လုံခြုံရေးတာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးနေကြစဉ်။ **Mon**



## ဆီးရီးယားနိုင်ငံရှိ ကာ့ဒ်သူပုန်အင်အားစုများကို ပြည်ပက မထောက်ပံ့ကြရန် အာဒိုဂန် ပန်ကြား

**အန်ကာရာ ဒီဇင်ဘာ ၂၁**

ဆီးရီးယားနိုင်ငံရှိ ကာ့ဒ်သူပုန်အင်အားစုများကို ပြည်ပနိုင်ငံများက မထောက်ပံ့ကြရန် တူရကီသမ္မတ ရေဆက်တေယစ်အာဒိုဂန် ယမန်နေ့က ပန်ကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ လက်ခံကျင်းပသော ထိပ်သီးညီလာခံတွင် သမ္မတ အာဒိုဂန်က ထိုသို့ပန်ကြားပြောဆိုလိုက်ခြင်း ဖြစ်သည်။

ဆီးရီးယားပြည်တွင်းရေး တည်ငြိမ်စေရန်အတွက် အိုင်အက်စ်တို့ကိုသာမက ကာ့ဒ်သူပုန်များကိုလည်း ဖယ်ရှားရှင်းလင်းပစ်ရမည်ဟု ၄င်းက ထည့်သွင်းပြောကြားကြောင်း သိရသည်။ **Mon**



STOP AIDS

# မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု(ဆင့်ပွား)သင်တန်းဆင်းပွဲ ကျင်းပ




**မန္တလေး ဒီဇင်ဘာ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ကြီးမှူး၍ မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု(ဆင့်ပွား)သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ရက် ညနေ ၃ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ၈၁ လမ်းနှင့် ၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်ကြီးကြပ်မှုကော်မတီဝင်များ၊ အရန်မီးသတ်တပ်ခွဲမှူးများ၊ မန္တလေးခရိုင်နှင့် ပြင်ဦးလွင်ခရိုင်မှ သင်တန်းသားအရာရှိ ၂၅ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးက အမှာစကားပြောကြားသည်။ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု(ဆင့်ပွား)သင်တန်းတွင် ခေတ်မီ မီးငြိမ်းသတ်ရေးကိရိယာများဖြင့် အထပ်မြင့်အဆောက်အအုံများ မီးငြိမ်းသတ်ခြင်း၊ ဆီမီးလောင်မှု ဂတ်စ်မီးလောင်မှုနှင့် EV ယာဉ်များ မီးလောင်မှုငြိမ်းသတ်နည်းများကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၄၅)



## စစ်ကိုင်း-မန္တလေးလမ်းဟောင်းတွင် ဆီဘောက်ဆာတွဲယာဉ်မီးလောင်မှု ဖြစ်ပွား

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ပန်းချီကျေးရွာ၊ စစ်ကိုင်း-မန္တလေးကားလမ်းဟောင်း လမ်းမပေါ်ရှိ စက်သုံးဆီဆိုင်ရှေ့တွင် အောက်တိန်းဆီဂါလန် ၉၄၀၀ ဆံ့၊ (၁၂)ဘီးတွဲယာဉ် ဆီဘောက်ဆာ မီးလောင်မှု ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်သုံးဆီဆိုင်ရှေ့တွင် YGN/2TLR --- ဆီဘောက်ဆာတွဲယာဉ်၏ အခန်း(၆)ခန်းအနက်မှ (၁)ခန်းအတွင်းသို့ ဆီဖြည့်နေစဉ် ယာဉ်မောင်းဖြစ်သူ၏ ဖိနပ်နှင့် ဆီဘောက်ဆာယာဉ်၏ အဖုံးမျက်နှာကြက်တို့ ပွတ်တိုက်မှုဖြစ်၍ မီးပွားထွက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး အောက်တိန်း (၉၅) ဆီ(၂)ဂါလန်ခန့် ဆုံးရှုံးကာ ယာဉ်မောင်းမှာ မီးလောင်ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်ရာသို့ ဒုတိယတိုင်း မီးသတ်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက်နှင့် သန္နေမီးတပ်ဖွဲ့ဝင်(၂၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၃၀)ဦးသည် မီးငြိမ်းသတ်ယာဉ်(၇)စီး၊ မီးသတ်ရေသယ်ယာဉ်(၃)စီး၊ အုပ်ချုပ်မှုယာဉ် (၃)စီးဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ပြီး အဆိုပါဖြစ်စဉ်အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(အပေါ်ပုံ)(၀၅၇)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ယာဉ် ဖမ်းမိ

**မိတ္ထီလာ ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အလည်ရွာရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်နေစဉ် မိုင်တိုင်အမှတ်(၆/၈)နှင့် (၇/၀) အကြားတွင် အမျိုးသားတစ်ဦးအား လိုင်စင်မဲ့မော်တော်ယာဉ်နှင့် အတူဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူထားသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၉ ရက် ညနေ ၆နာရီခွဲက မိတ္ထီလာမြို့နယ်၊ အလည်ရွာရဲကင်းစခန်းမှ ရဲအုပ် စိုင်းလှအောင်နှင့် တပ်ဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၆/၈)နှင့် (၇/၀)အကြားတွင် မော်တော်ယာဉ်များအား ပိတ်ဆို့စစ်ဆေးနေစဉ် ဦး... မောင်းနှင်လာသော MDY/13-3K .... HondaFit မော်တော်ယာဉ်နှင့်ပတ်သက်၍ မေးမြန်းရာ ပိုင်ဆိုင်ကြောင်းအထောက်အထား တင်ပြပြောဆိုနိုင်ခြင်းမရှိသည့်အပြင် လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်သဖြင့် အရေးယူခဲ့ခြင်းဖြစ်သည်။

အဆိုပါလိုင်စင်မဲ့ယာဉ်အားမောင်းနှင်အသုံးပြုသူ ဦး··· ၂၉နှစ် (ကျိုက်ထိုမြို့၊ မွန်ပြည်နယ်)နေသူအား မိတ္ထီလာမြို့မရဲစခန်းတွင် ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(အပေါ်ယာပုံ)(၀၅၇)



### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ) အတွင်းယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## ခရီးသည်တင်ယာဉ် ရေမြောင်းအတွင်းကျွံကျ လမ်းပိတ်ဆို့မှုဖြစ်ပွား၍ ကူညီဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၅လမ်းနှင့် ၅၉လမ်းထောင့်ရှိ ရေမြောင်းအတွင်းသို့ ဒီဇင်ဘာ ၁၉ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့် ခရီးသည်တင်ယာဉ်တစ်စီးဘီးများ ရေမြောင်းအတွင်းကျွံကျ၍ လမ်းပိတ်ဆို့မှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့်မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးယာဉ်၁စီးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ရဲမွန်တောင်ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ်၁စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မဟာလူမှုကယ်ဆယ်ရေးအဖွဲ့မှ ကယ်ဆယ်ရေး အထောက်အကူပြုယာဉ်တို့ ထွက်ခွာ၍ အမြင့်တင်မီးဆလိုက်များ အသုံးပြုကာ ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၄၅)

## တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ်၊ ညောင်ပင်သာမြို့အဝင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့၌ တရားမဝင်သစ်မာ ၃ ဒသမ ၀၀၆ တန်နှင့် အခြားသစ် ၂ ဒသမ ၁၇၀ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးဘူတာကြီး၌ ရန်ကုန်-မန္တလေးအဆန်ရထား၊ ပါဆယ်(၁)ရထားတွဲပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sunlong Bus တစ်စီး၊ King Long Bus တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

# မြန်မာ့ရိုးရာ ကြေးသွန်း ပန်းတဉ်းပညာ

မြန်မာအစ တကောင်းကဟု အဆိုရှိခဲ့သော တကောင်းခေတ်ရာဇဝင်တွင် အဘိရာဇာမင်းကြီးနှင့် သားတော်များဖြစ်ကြသော ကံရာဇာကြီးနှင့် ကံရာဇာငယ်တို့ ရှိခဲ့ပြီးနောက် ကံရာဇာကြီးသည် အနောက်ဘက် မဇ္ဈိမဒေသပိုင်းတွင် မြို့ပြတည်ထောင် စိုးစံခဲ့ရာ (ဂုတ္တပါလခေတ်) နီပေါ၊ အိန္ဒိယနိုင်ငံများ၏ ယဉ်ကျေးမှုများ ရောနှောလာခဲ့ပေသည်။ ထို့နောက်တွင် သရေခေတ္တရာခေတ်သို့ ရောက်ရှိလာခဲ့ရာတွင် သရေခေတ္တရာခေတ် ဗုဒ္ဓပေါင်မင်းလက်ထက်မှာ ကြေးသွန်းအတတ်ပညာ စတင်လာခဲ့ပြီဖြစ်ကြောင်း တွေ့ရသည်။ သရေခေတ္တရာ ပျူမြို့ဟောင်းမှာ ဗုဒ္ဓပေါင်မင်းတည်ထားခဲ့သော ဘောဘောကြီးဘုရား၊ ဘုရားသာဘုရားအနီး ဘုရားကုန်းတစ်ခုအတွင်းမှာ ပျူခေတ်လက်ရာ ကြေးဘုရားငယ်များ၊ ကြေးခေါင်းလောင်းငယ်များ၊ ပျူတီးဝိုင်းစုံသရုပ်ဖော် ကြေးရုပ်ငယ်လေးများ တူးဖော်တွေ့ရှိခဲ့ခြင်းမှာ သာဓကပြစရာတစ်ခုအဖြစ် အခိုင်အမာ သက်သေပြနိုင်ခဲ့ပြီဖြစ်သည်။ကြေးသွန်းအတတ် စတင်ခဲ့ပြီဖြစ်ကြောင်း အထောက်အထားများနှင့် ပျူခေတ်ယဉ်ကျေးမှုထွန်းကားလာခဲ့ပြီးနောက် ပုဂံခေတ်သို့ ရောက်ရှိလာခဲ့ပေသည်။ ပုဂံခေတ်တွင် အိန္ဒိယယဉ်ကျေးမှု လွှမ်းမိုးနေသည်ဟု ဆိုလျှင် မှားမည်မထင်ပါ။ပုဂံဒေသတွင် အိန္ဒိယမှုဟန်ဆန်ဆန် အိန္ဒိယပုံစံလက်ရာများအတိုင်း ပန်းချီ၊ ပန်းတော့၊ ကြေးသွန်းလက်ရာတချို့ ရှိနေခြင်းကို တွေ့ရသည်။ မြန်မာ့ယဉ်ကျေးမှု စတင်ထွန်းကားခဲ့သော ပျူခေတ်နှင့် ယဉ်ကျေးမှုအထွန်းကားဆုံး ပုဂံခေတ်တို့ပင် ကြေးသွန်းအတတ်များ ရှိနေခဲ့ပြီဖြစ်သောကြောင့် မြန်မာ့ကြေးသွန်းပညာအကြောင်းကို ခန့်မှန်း၍ တွက်ဆကြည့်ရန် မလိုပါ။ သို့သော်လည်း ကြေးသွန်းအတတ်ဆိုသည်မှာ အများသိရှိရန် နားလည်ထားကြသကဲ့သို့ ကြေးကို အရည်ကျို၍ ပုံသွန်းလောင်းခြင်းကို ကြေးသွန်းပညာဟု လွယ်လင့်တကူ အများသိရှိ နားလည်သဘောပေါက် ထားကြပေသည်ဖြစ်ရာ ကြေးသွန်းအတတ်ကို ပြည့်ပြည့်စုံစုံ ရေးသားတင်ပြရမည်ဆိုလျှင် ဆောင်းပါးတစ်ပုဒ်၊ နှစ်ပုဒ်ဖြင့် ပြီးပြည့်စုံစေမည်မဟုတ်ပေ။

ကြေးရည်ကျို၍ သွန်းလောင်းထည့်မည့် ပုံစံထဲသို့ ကြေးလောင်းရန် အပေါက်များထဲမှာ ကြေးရည်သွန်းလောင်းရသည်မှန်သော်လည်း ထိုအဆင့်ရောက်ဖို့ရန် လိုအပ်သောအချိန်ကာလ၊ လုပ်ရသောလုပ်ငန်းစဉ်များ အဆင့်ဆင့်ရှိပေသည်။ ဥပမာ ရုပ်ပွားတော်တစ်ဆူ (သို့မဟုတ်) ရုပ်တု ရုပ်လုံးတစ်ခု အပ်နှံစေခိုင်းလာပါက ဦးစွာ ပထမရုပ်တု၊ ဆင်းတုပုံစံကို သံဖရိန်ချိုးကာ ပုံဖော်ကြရသည်။ ထိုအပေါ်တွင် ရွှံ့မြေ၊ မြေနီကြမ်းဖြင့် ပုံစံဖော်ယူရသည်။ ပုံစံဖော်ပြီး အကြမ်းထည်ပေါ်တွင် မညီမညာဖြစ်နေသောနေရာများကို မြေနုဝါဖြင့် အချောကိုင်ရသည်။ ထိုမြေခြောက်သွေ့လျှင်အပေါ်မှာ ဖယောင်းတင်နိုင်ရန် ထမင်းရည် (သို့မဟုတ်)ကော်ရည်တစ်မျိုး သုတ်လိမ်းပေးရသည်။

ဖယောင်းကို ဒယ်အိုးကြီးများဖြင့် မီးအပူပေးရသည်။ သံဒယ်အိုးကြီးများအတွင်း ဖယောင်းများအရည်ပျော်လာချိန်တွင် မီးဖိုပေါ်မှ ချရသည်။ ရုပ်တု၊ ရုပ်လုံးအတွင်းခံ စဉ့်မြေပေါ်တွင် ဖယောင်းကပ်နိုင်ရန် ဖယောင်းပြားဖြစ်အောင် ဒလိမ့်တုံးဖြင့် ကြိတ်ယူရသည်။ ဖယောင်းပြားများရရှိလာပါက ရေစိမ်ထားရသည်။ ရုပ်တုစဉ့်မြေပေါ်တွင် ဖယောင်းပြားကပ်တော့မည်ဆိုလျှင် ဖယောင်းပြားများကို ရေနံချေး သုတ်လိမ်း၍ နေပူပြပြီး ကပ်ယူရသည်။ ရုပ်တုပေါ်တွင် ကပ်ရသော ဖယောင်းပြားများကို အလေးချိန် ချိန်တွယ်မှတ်သားရသည်။ အကြမ်းဖျင်းမှတ်သား၍ ကြေးရည်ပိဿာချိန် မည်၍မည်မျှကုန်မည်ကို တွက်ယူကြည့်နိုင်သည်။ ဖယောင်းချိန်ခွဲသွားဆိုလျှင် ကြေးတစ်ပိဿာရှိမည်။

### ဖယောင်းဆိုသည်မှာ

ဖယောင်းဖြူ၊ ရေနံချေး၊ အင်တွဲ သုံးမျိုးပေါင်းစပ်ယူရသည်။ ကြေးလုပ်ငန်းသုံး ဖယောင်းဖြစ်သည်။ ရုပ်တု၊ ဆင်းတုများကို အနုစိတ်ပုံဖော်အချောကိုင်ရာတွင် သုံးရသည်။ အနုစိတ်ပုံဖော်ရာတွင် မျက်ခုံး၊ မျက်လုံး၊ နားရွက်၊ လက်ချောင်း၊ ခြေချောင်းများ အစရှိသည်တို့ဖြစ်သည်။ အနုစိတ်ပုံဖော်ထားသော ရုပ်တုတစ်ခုပြီးစီးပြီဆိုလျှင် အပေါ်မှ မြေနုပါးပါးမံပေးရသည်။ မြေနုမံရာတွင်၊မြေဝါနှင့် မြင်းချေးရောနှောနယ်ဖတ်ရသည်။ ရှေးအစဉ်အဆက် အသုံးပြုခဲ့ကြသောကြောင့် အခြားပစ္စည်းများနှင့် မရောနှောရဘဲ မြင်းချေးမှုန့်နှင့်သာ ရောနယ်ဖတ်ကြသည်။ ဖယောင်းပုံဖော်ထားသော အနုစိတ်လက်ရာများမှာ မြေနုတွင် အရာထင်ကျန်နေရစ်ခဲ့ပေသည်။ ဖယောင်းအစား ကြေးဝင်ရောက်သောအခါ လုပ်ဆောင်ချက်များမှာ တစ်ထေရာတည်းထွက်လာသည်။ ထင်သာမြင်သာဖြစ်အောင် နမူနာပေးရလျှင် ဖယောင်းပုံအပေါ်မံရသော မြေနုတွင်ကျန်ခဲ့သည်မှာ လူတို့၏လက္ခဏာများအတိုင်း အရေးအကြောင်းများသဖွယ် ဖယောင်းပုံအတိုင်း ထွက်လာခဲ့သည်။

ဖယောင်းပုံပြီးစီးပါက မြေနုမံရသည်၊ မြေနုခြောက်လျှင် မြေကြမ်းတစ်ထပ်ပြီးတစ်ထပ်အုံမံရသည်။ မြေကြမ်းဆိုသည်မှာ မြေနီနှင့်စပါးခွံရောနှော နယ်ဖတ်ထားသည်ကို ခေါ်သည်။ မြေနီကြမ်းတစ်ထပ်ခြောက်လျှင် တစ်ထပ်အုံမံပေးရပြီး ငါးထပ်၊ ခြောက်ထပ်မြေကြမ်းမံပြီး သံပတ်များဖြင့် စည်းနှောင်ရပြန်သည်။ သံပတ်ချုပ်ပြီးအပေါ်မှာ မြေကြမ်းမံပေးရပြန်သည်။

### ပုံတိုက်ခြင်း၊ မီးအပူပေးခြင်း

မြေကြမ်းအထပ်ထပ်အုံမံထားသော ရုပ်ထုမြေမံပြီးပုံကို မီးအပူပေးနိုင်ရန် ရှေးခေတ်များမှ အုတ်တော်အချပ်ကြီးများဝိုက်ပတ်စီးပြီး၊ ရွှံ့မြေသရွက်ဖြင့် ခဲကြိုခဲကြား၊ အုတ်ချက်များ၊ အကြားမှန်သမျှမကျန် သရွက်ပက်ရသည်။ အကြောင်းမှာ မီးထိုးသောအခါ မီးတောက်မီးလျှံများပြင်ပသို့ မထွက်ရှိစေဖို့ဖြစ်သည်။ ကြေးရည်စတင်ကျိုနေကြပြီဆိုလျှင် ဘေးမှာဝိုက်ပတ်စီထားသောအုတ်ချပ်များကို ညှပ်ကြီးများဖြင့် ဆွဲယူဖယ်ရှားရှင်းလင်းပေးရသည် ပြီးလျှင် ကြေးသွန်းရသည်။

### မီးထိုးပုံတိုက်ပညာ

အတွင်းခံစဉ့်မြေနှင့် အပေါ်ယံမံမြေအထပ်များကို မြေသားကျက်စေရန် အပူရှိန်ရရှိစေဖို့ အချိန်နာရီများစွာပေးရသည်။ သွန်းလုပ်မည့် ရုပ်တုကို အပူဓာတ်ပေးရာတွင် အထည်သေးပါက တစ်ရက်တည်းနှင့် အပြီးသွန်းလုပ်နိုင်သော်လည်း ကြေးသွန်းမည့်ရုပ်တုအထည်ကြီးပါက မံမြေအထပ်ထပ်ရှိသော ထုထည်အရွယ်အစားကြီးပုံစံများကိုလည်း မီးအပူပေးရာတွင်၊ နှစ်ရက်နှစ်ည ကြာတတ်သည်၊ ပထမသွန်းလုပ်မည့် မြေမံပြီးပုံစံ မြေထုကို မီးအပူပေးလိုက်လျှင် ရုပ်တုအောက်ခြေပိုင်းတွင်ရှိသော ဖယောင်းဆင်းပေါက်မှ ဖယောင်းများ အရည်ပျော်ကျဆင်းလာခဲ့သည်ကို ပုံးများထဲတွင် ရေထည့်ထားပြီး ခံယူရသည်။

ဖယောင်းများလုံးဝကုန်စင်ပြီးသွားပြီဆိုလျှင် ထင်းမီးများအရှိန်ပြင်းစွာ စတင်ထိုးရပြီး တစ်နေ့ကုန် တစ်ညလုံး အဆက်မပြတ်ထင်းမီးများ အပူပေးရသည်။ ထင်းမီးကို နာရီများစွာထိုးပေးလိုက်သောအခါ ကြေးလောင်းရန်အပေါက်များမှ နီကျန်ကျန်နှင့် နီရဲ၍လာပေသည်။ ကြေးရည်အနှံ့စီးဆင်းသွန်းလောင်းထည့်နိုင်ရန် မီးအချိန်အဆညီမျှအောင် အထူးဂရုစိုက်၍ မီးထိုးသောပညာကို ပုံတိုက်ပညာဟု ခေါ်သည်။ မီးနည်းလျှင် ကြေးရည်မစီးဆင်းပေ။ မီးများလွန်းလျှင်လည်း မံမြေများကြားမှ ကြေးရည်များတိုး၍ ထွက်ကျတတ် သည်။

### ကြေးရည်ကျို မှုံသွန်းလောင်းခြင်း

သွန်းလောင်းသောကြေးအမျိုးအစားမှာ၊ ကြေးနီ၊ ကြေးဝါရည်ဖြစ်သည်။ ကြေးနီ၊ကြေးဝါ၊ ခဲမည်းကိုရောစပ်ပါက ကြေးနီညို(မိုက်ကြေး) အမျိုးအစားရပြီး ရုပ်တု၊ ရုပ်လုံးသွန်းရန် ကြေးစပ်နည်းဖြစ်သည်။ ကြေးသွန်းလောင်းပြီး ရုပ်တုကို အပေါ်ယံမြေသားများ ရိုက်ခွာဖယ်ရှား ရှင်းလင်းလိုက်လျှင် ဖယောင်းပုံစံပြုလုပ်စဉ်ကအတိုင်း ထွက်ရှိလာသော ကြေးရုပ်တုအကြမ်းထည်ကို တွေ့မြင်နိုင်ပြီဖြစ်သည်။ ကြေးသွန်းလောင်းမှု အောင်မြင်သည်ဟု ဆိုရပါမည်။ မူလ ကနဦးက လုပ်ဆောင်ခဲ့ရသော အတွင်းခံစဉ့်မြေသည် ကြေးသွန်းပြီးနောက် ကြေးသား၏အတွင်းသို့ ရောက်ရှိသွားပြီဖြစ်သည်။ ထို့ကြောင့် အတွင်းခံစဉ့်ဟု ခေါ်ရခြင်းဖြစ်သည်။ ကြေးရည်သွန်းလောင်းသောအခါ ဖယောင်းမရှိတော့သဖြင့် အတွင်းစဉ့်နှင့် အပေါ်မံမြေထုနှစ်ခုအကြား ကြေးရည်စီးဆင်းသွားခြင်းဖြစ်ပြီး ကြေးရုပ်အကြမ်းထည်ရပြီးသော်လည်း လုပ်ငန်းသဘောအရ ၇၅ ရာခိုင်နှုန်းသာ ပြီးစီးခြင်း မှတ်ယူပါ။ ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်မှာ အချောကိုင်ရပေဦးမည်။ လူအား၊ စက်အားသုံး၍ ကြေးရုပ်တု (သို့မဟုတ်)ကြေးဆင်းတုကို အပြစ်အနာအဆာမပါရှိအောင် ဆက်လက်အားထုတ် လုပ်ဆောင်ကြရပါသည်။ ထိုသို့လုပ်ကိုင်ဆောင်ရွက်ရာတွင် ရှေးခေတ်များကမှ မြန်မာ့နည်း၊ မြန်မာ့ဟန်များဖြင့် ပြီးစီးအောင် သွန်းလောင်းခဲ့ကြရသည်မှာ ကြေးသွန်းအတတ်ကို ယနေ့အချိန်တွင် ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတို့နှင့် တန်းတူအဆင့်မီရုံမက အံ့ဩဖွယ်ရာ ဖြစ်ကြရသော စံချိန်မီမင်းကွန်းခေါင်းလောင်းကြီး အောင်မြင်ခဲ့သည်မှာ ဂုဏ်ယူစရာ ကောင်းလှပေသည်။

**ဦးနေဝင်း(ဗန္ဓုလ-ကြေးသွန်း)**

## မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ငွေလှူဒါန်း



**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၉ရက် နံနက် ၁၀ နာရီကချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်းရှိ အလှူရှင်နေအိမ်တွင်ကျင်းပရာ ဦးခင်မောင်အေး+ဒေါ်နန်းလှလှဌေး မိသားစုက ငွေကျပ် ၃သိန်း လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် ၂၀၂၃ ခုနှစ် မေ ၂၃ ရက်မှစ၍၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၉ရက်အထိ ဆရာ၊ ဆရာမကြီး စုစုပေါင်း ၃၂၀ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ် ၅၅၃ သိန်းပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင် ငွေကျပ် သိန်း ၂၈၀၀ ကျော်စုဆောင်းထားရှိသည်။

(ဝဲပုံ)(၀၄၅)

# နိုင်ငံတကာ အားကစား သတင်းများ

## ဒိုင်ဘာလာ ရိုးမားအသင်းမှ ထွက်ခွာမည်

**တူရင် ဒီဇင်ဘာ ၂၁**

ရိုးမားအသင်း တိုက်စစ်မှူး ဒိုင်ဘာလာ လာမည့် အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားမည် ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဂါလာတာစာရေးအသင်းအပြင် ဥရောပကလပ်အသင်းများကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသည်။

တိုက်စစ်မှူး ဒိုင်ဘာလာသည် ရိုးမားအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၅ပွဲကစားပြီး ၃၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ရိုးမားအသင်းကလည်း ဒိုင်ဘာလာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေး ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။



ထို့ကြောင့် ဒိုင်ဘာလာအနေဖြင့် လာမည့် အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ရိုးမားအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## ရူဘင်ဒီယက်စ် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်

**မန်ချက်စတာ ဒီဇင်ဘာ ၂၁**

မန်ချက်စတာစီးတီးအသင်း နောက်ခံကစားသမား ရူဘင်ဒီယက်စ် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် မန်ချက်စတာဒါဘီပွဲစဉ်အဖြစ် မန်ချက်စတာစီးတီးအသင်းက မန်ချက်စတာယူနိုက်တက်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ရူဘင်ဒီယက်စ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမား ရူဘင်ဒီယက်စ်သည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၇ပွဲကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(အောက်ပုံ) (NGB)**





## ယာမယ်လ်အား လစာတိုး၍ နှစ်ရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဘာစီလိုနာအသင်း စီစဉ်

**ဘာစီလိုနာ ဒီဇင်ဘာ ၂၁**

ဘာစီလိုနာအသင်းသည် အသင်း တောင်ပံကစားသမား ယာမယ်လ်အားလုပ်ခလစာ တိုးမြှင့်၍ နှစ်ရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၁၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၂ပွဲကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက နှစ်ရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "ယာမယ်လ်အား နှစ်ရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်းအသင်းမှာပျော်ရွှင်နေပါတယ်။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်မှာပါ"ဟု ထုတ်ပြန်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇) နိုင်ကမ္ဘာ

ဒီဇင်ဘာ ၂၂ ရက် (တနင်္ဂနွေနေ့)ည ပွဲစဉ်များ

### (၁၆) အဲဗာတန် - ချဲလ်ဆီး (၂)

ည ၈း၃၀ နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၂၀၂၁-၂၂ | အဲဗာတန် | ၁-၀ ချဲလ်ဆီး ၁-၁ | | အဲဗာတန် |
| ၂၀၂၂-၂၃ | ။ | ၀-၁ ။ | ၂-၂ | ။ |
| ၂၀၂၃-၂၄ | ။ | ၂-၀ ။ | ၆-၀ | ။ |

**နှစ်သင်း၏ အိမ်ကွင်း-အဝေးကွင်း ရလဒ်**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|
| အဲဗာတန်(အိမ်ကွင်း) | ၇ | ၂ | ၃ | ၂ | ၉ | ၈ |
| ချဲလ်ဆီး(အဝေးကွင်း) | ၈ | ၆ | ၁ | ၁ | ၂၃ | ၁၀ |

နိုင်ပွဲဆက်ကာ ခြေစွမ်းကောင်းနေသော ချဲလ်ဆီးတို့ အဝေးကွင်းပင်ဖြစ်သော်လည်း အိမ်ရှင်အဲဗာတန်ကို အနိုင်ရဦးမည့်ပွဲ ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်**

အဲဗာတန်-သရေ၊သရေ၊ရှုံး၊နိုင်၊သရေ ချဲလ်ဆီး-နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင်

### (၁၃) မန်ယူ - ဘုန်းမောက် (၆)

ည ၈း၃၀ နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၂၀၁၉-၂၀ | မန်ယူ | ၅-၂ ဘုန်းမောက် ၁-၀ | | မန်ယူ |
| ၂၀၂၂-၂၃ | ။ | ၃-၀ ။ | ၀-၁ | ။ |
| ၂၀၂၃-၂၄ | ။ | ၀-၃ ။ | ၂-၂ | ။ |

**နှစ်သင်း၏ အိမ်ကွင်း-အဝေးကွင်း ရလဒ်**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|
| မန်ယူ(အိမ်ကွင်း) | ၈ | ၄ | ၁ | ၃ | ၁၃ | ၁၁ |
| ဘုန်းမောက်(အဝေးကွင်း) | ၈ | ၃ | ၂ | ၃ | ၁၃ | ၁၄ |

ခြေတက်နေသော ဘုန်းမောက်ကြောင့် မန်ယူတို့ အိမ်ကွင်းပင်ဖြစ်သော်လည်း ခက်ခဲစွာ ကစားပြီးမှသာ ကပ်နိုင်မည့်ပွဲမျိုးဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်**

မန်ယူ-သရေ၊နိုင်၊ရှုံး၊ရှုံး၊နိုင် ဘုန်းမောက်-ရှုံး၊နိုင်၊နိုင်၊နိုင်၊သရေ

### (၁၀) စပါး - လီဗာပူး (၁)

ည ၈း၃၀ နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၂၀၂၁-၂၂ | စပါး | ၂-၂ လီဗာပူး ၁-၁ | | စပါး |
| ၂၀၂၂-၂၃ | ။ | ၁-၂ ။ | ၄-၃ | ။ |
| ၂၀၂၃-၂၄ | ။ | ၂-၁ ။ | ၄-၂ | ။ |

**နှစ်သင်း၏ အိမ်ကွင်း-အဝေးကွင်း ရလဒ်**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|
| စပါး(အိမ်ကွင်း) | ၈ | ၄ | ၁ | ၃ | ၂၀ | ၁၁ |
| လီဗာပူး(အဝေးကွင်း) | ၇ | ၅ | ၂ | - | ၁၆ | ၈ |

စပါးကွင်းတွင် လီဗာပူးတို့ ခက်ခဲစွာ ကစားပြီးမှသာ ကပ်နိုင်မည့်ပွဲမျိုးဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်**

စပါး-နိုင်၊သရေ၊ရှုံး၊ရှုံး၊နိုင် လီဗာပူး-နိုင်၊နိုင်၊နိုင်၊သရေ၊သရေ

## အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၁၂-၂၀၂၄ | (၈)ဝက်စ်ဘရွန်း - ဘရစ္စတိုး(၁၁) | ဝက်စ်ဘရွန်း ၂-၀ ဘရစ္စတိုး | ဝက်စ်ဘရွန်း(အိမ်) | ၁၀ | ၃ | ၆ | ၁ | ၈ | ၅ |
| ည ၉း၃၀ နာရီ | (D,D,D,W,L) (L,W,L,D,D) | ဘရစ္စတိုး ၀-၀ ဝက်စ်ဘရွန်း | ဘရစ္စတိုး(ဝေး) | ၁၁ | ၃ | ၄ | ၄ | ၁၂ | ၁၆ |

## အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၁၂-၂၀၂၄ | (၁၂)ရိုးမား - ပါးမား(၁၅) | ရိုးမား ၃-၀ ပါးမား | ရိုးမား(အိမ်) | ၈ | ၄ | - | ၄ | ၁၃ | ၁၀ |
| ညနေ၆း၀၀နာရီ | (L,L,L,W,L) (W,L,W,L,L) | ပါးမား ၂-၀ ရိုးမား | ပါးမား(ဝေး) | ၇ | ၁ | ၄ | ၂ | ၉ | ၁၁ |
| ၂၂-၁၂-၂၀၂၄ | (၂၀)ဗင်းနစ်ဇီးယား - ကယ်ဂလီယာရီ(၁၈) | ကယ်ဂလီယာရီ ၂-၁ ဗင်းနစ်ဇီးယား | ဗင်းနစ်ဇီးယား(အိမ်) | ၇ | ၂ | ၁ | ၄ | ၈ | ၁၀ |
| ည၈း၃၀နာရီ | (L,L,L,D,D) (D,D,W,L,L) | (၂၀-၅-၂၀၂၃ စီးရီးဘီ-စီးရီးအေတက်) | ကယ်ဂလီယာရီ(ဝေး) | ၇ | ၁ | ၂ | ၄ | ၇ | ၁၁ |
| ၂၂-၁၂-၂၀၂၄ | (၁)အတ္တလန်တာ - အမ်ပိုလီ(၁၀) | အတ္တလန်တာ ၂-၀ အမ်ပိုလီ | အတ္တလန်တာ(အိမ်) | ၇ | ၆ | - | ၁ | ၂၂ | ၉ |
| ည၁၁း၃၀နာရီ | (W,W,W,W,W) (D,D,L,W,L) | အမ်ပိုလီ ၀-၃ အတ္တလန်တာ | အမ်ပိုလီ(ဝေး) | ၈ | ၃ | ၃ | ၂ | ၁၂ | ၁၀ |
| ၂၃-၁၂-၂၀၂၄ | (၁၉)မွန်ဇာ - ဂျူဗင်တပ်(၆) | မွန်ဇာ ၁-၂ ဂျူဗင်တပ် | မွန်ဇာ(အိမ်) | ၈ | - | ၃ | ၅ | ၆ | ၁၁ |
| နံနက်၀၂း၁၅နာရီ | (L,D,D,L,L) (W,D,D,D,D) | ဂျူဗင်တပ် ၂-၀ မွန်ဇာ | ဂျူဗင်တပ်(ဝေး) | ၇ | ၃ | ၄ | - | ၁၃ | ၅ |

## စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၁၂-၂၀၂၄ | (၂၀)ဗယ်လင်ဒိုလစ် - အလာဗက်စ်(၁၇) | ဗယ်လင်ဒိုလစ် ၀-၁ အလာဗက်စ် | ဗယ်လင်ဒိုလစ်(အိမ်) | ၇ | ၂ | ၂ | ၃ | ၁၀ | ၉ |
| ည၇း၃၀နာရီ | (W,L,L,L,D) (L,L,D,D,D) | အလာဗက်စ် ၁-၀ ဗယ်လင်ဒိုလစ် | အလာဗက်စ်(ဝေး) | ၉ | ၁ | ၁ | ၇ | ၁၀ | ၁၉ |
| ၂၂-၁၂-၂၀၂၄ | (၃)ရီးရဲလ်မက်ဒရစ် - ဆီဗီလာ(၁၁) | ရီးရဲလ်မက်ဒရစ် ၁-၀ ဆီဗီလာ | ရီးရဲလ်မက်ဒရစ်(အိမ်) | ၈ | ၇ | - | ၁ | ၂၀ | ၇ |
| ည၉း၄၅နာရီ | (W,W,L,W,D) (L,W,D,L,W) | ဆီဗီလာ ၁-၁ ရီးရဲလ်မက်ဒရစ် | ဆီဗီလာ(ဝေး) | ၈ | ၁ | ၃ | ၄ | ၁၀ | ၁၅ |
| ၂၃-၁၂-၂၀၂၄ | (၁၅)လီဂါနက်စ် - ဗီလာရီးရဲလ်(၅) | လီဂါနက်စ် ၂-၀ ဗီလာရီးရဲလ် | လီဂါနက်စ်(အိမ်) | ၈ | ၃ | ၁ | ၄ | ၆ | ၁၀ |
| နံနက်၀၀း၀၀နာရီ | (W,L,D,L,W) (D,D,L,L,D) | ဗီလာရီးရဲလ် ၀-၃ လီဂါနက်စ် | ဗီလာရီးရဲလ်(ဝေး) | ၈ | ၄ | ၂ | ၂ | ၁၁ | ၁၁ |
| ။ | (၁၄)လာ့ပါးမက်စ် - အက်စ်ပန်ညို(၁၈) | လာ့ပါးမက်စ်၁-၀အက်စ်ပန်ညို | လာ့ပါးမက်စ်(အိမ်) | ၈ | ၂ | ၃ | ၃ | ၁၁ | ၁၂ |
| | (W,L,W,W,D) (L,W,L,D,D) | အက်စ်ပန်ညို ၄-၀ လာ့ပါးမက်စ် | အက်စ်ပန်ညို(ဝေး) | ၈ | - | ၁ | ၇ | ၄ | ၁၈ |
| ၂၃-၁၂-၂၀၂၄ | (၉)ဘက်တစ် - ဗယ်လက်ကာနို(၁၂) | ဘက်တစ် ၁-၀ ဗယ်လက်ကာနို | ဘက်တစ်(အိမ်) | ၈ | ၄ | ၃ | ၁ | ၁၂ | ၈ |
| နံနက်၀၂း၃၀နာရီ | (D,L,L,D,W) (L,L,W,D,D) | ဗယ်လက်ကာနို ၂-၀ ဘက်တစ် | ဗယ်လက်ကာနို(ဝေး) | ၉ | ၃ | ၃ | ၃ | ၇ | ၇ |

## အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၁၂-၂၀၂၄ | (၈)ဖူလ်ဟမ် - ဆောက်သမ်တန်(၂၀) | ဖူလ်ဟမ် ၂-၁ ဆောက်သမ်တန် | ဖူလ်ဟမ်(အိမ်) | ၈ | ၄ | ၂ | ၂ | ၁၄ | ၁၃ |
| ည ၈း၃၀ နာရီ | (L,D,W,D,D) (L,D,L,L,L) | ဆောက်သမ်တန် ၀-၂ ဖူလ်ဟမ် | ဆောက်သမ်တန်(ဝေး) | ၈ | - | ၁ | ၇ | ၄ | ၁၅ |
| ။ | (၁၇)လက်စတာ - ဝုဗ်(၁၉) | လက်စတာ ၂-၁ ဝုဗ် | လက်စတာ(အိမ်) | ၈ | ၂ | ၃ | ၃ | ၁၁ | ၁၂ |
| | (L,L,W,D,L) (W,L,L,L,L) | ဝုဗ် ၀-၄ လက်စတာ | ဝုဗ်(ဝေး) | ၈ | ၁ | ၂ | ၅ | ၁၂ | ၂၀ |

## ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၁၂-၂၀၂၄ | (၁၈)ဘိုချန် - ဟိုင်ဒင်ဟိမ်း(၁၆) | ဘိုချန် ၁-၁ ဟိုင်ဒင်ဟိမ်း | ဘိုချန်(အိမ်) | ၆ | - | ၂ | ၄ | ၄ | ၁၄ |
| ည ၉း၀၀ နာရီ | (D,L,L,L,D) (L,L,L,L,L) | ဟိုင်ဒင်ဟိမ်း ၀-၀ ဘိုချန် | ဟိုင်ဒင်ဟိမ်း(ဝေး) | ၇ | ၂ | - | ၅ | ၁၂ | ၁၇ |
| ၂၂-၁၂-၂၀၂၄ | (၁၀)ဝုဗ်ဘတ် - ဒေါ့မွန်(၈) | ဝုဗ်ဘတ် ၁-၁ ဒေါ့မွန် | ဝုဗ်ဘတ်(အိမ်) | ၇ | ၂ | ၂ | ၃ | ၁၃ | ၁၅ |
| ည ၁၁း၀၀ နာရီ | (W,W,W,W,L) (L,W,D,D,D) | ဒေါ့မွန် ၁-၀ ဝုဗ်ဘတ် | ဒေါ့မွန်(ဝေး) | ၆ | - | ၂ | ၄ | ၅ | ၁၃ |



# ရတနာပုံတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဘာသာရပ်မိတ်ဆက်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ပထမနှစ် (နွေသင်တန်း) ဘာသာရပ်အသီးသီး၌ တက်ရောက်ပညာသင်ကြားနေသည့် မောင်မယ်သစ်လွင်များအား ကြိုဆိုပွဲ၊ ဘာသာရပ်မိတ်ဆက်ပွဲ၊ ပညာရပ်အထောက်အကူပြု စာအုပ်ပြပွဲနှင့် ပိုစတာပြပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ မော်ကွန်းထိန်း(စာမေးပွဲနှင့်ဘွဲ့နှင်းဌာန)၊ လက်ထောက်မော်ကွန်းထိန်း (အဝေးသင်-သင်တန်း)၊ စာကြည့်တိုက်မှူးနှင့် ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူမောင်မယ်များ တက်ရောက်ကြသည်။

အခမ်းအနား ပထမပိုင်း အစီအစဉ်ကို ကျောင်းသား၊ ကျောင်းသူလေးများက မြကျွန်းညိုညိုသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက နှုတ်ဆက်အဖွင့်အမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး၊ ဒုတိယပါမောက္ခချုပ်များက ကြိုဆိုနှုတ်ခွန်းစကား ပြောကြားသည်။ ထို့နောက် ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ(ဌာနမှူး)များနှင့် စီမံရေးရာဌာနများမှ တာဝန်ရှိသူများက တစ်ဦးချင်းမိတ်ဆက်ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် သင်ကြားပို့ချပေးနေသည့် ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်များအကြောင်းကို အသီးသီးမိတ်ဆက်ရှင်းလင်းကြသည်။

အခမ်းအနား ဒုတိယပိုင်း အစီအစဉ်တွင် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူ မောင်မယ်သစ်လွင်များက ပင်မဆောင်မြေညီထပ်တွင် ခင်းကျင်းပြသထားသည့် ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်များ၊ ပိုစတာပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရတနာပုံတက္ကသိုလ်တွင် သင်ကြားပို့ချပေးနေသည့် အထူးပြုဘာသာရပ်များမှာ မြန်မာစာ၊ မြန်မာမှု၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ(LL.B)၊ ဥပဒေပညာ(B.A)၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့်သုတပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရူပဗေဒ၊ နျူကလီယရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ၊ မှတ်တမ်းနှင့်မော်ကွန်းစီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ ကွန်ပျူတာသိပ္ပံပညာနှင့် အားကစားပညာစသည့် ဘာသာရပ်ပေါင်း (၂၈)ဘာသာကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၈၂)

၀-၀-၀-၀-၀-၀-၀

# အခြေခံလျှပ်စစ်သံဂဟေဆက်နည်းသင်တန်း ဖွင့်လှစ်ပို့ချမည်

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အခြေခံလျှပ်စစ်သံဂဟေဆက်နည်းပညာရပ်ကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်၊ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများ လုပ်ကိုင်လာခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်၍ မိသားစုဝင်ငွေတိုးစေရန် ရည်ရွယ်၍ အခြေခံလျှပ်စစ်သံဂဟေဆက်နည်းသင်တန်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၀ ရက်၊ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၂ လမ်းနှင့်၂၅လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် သင်တန်းကြေးအခမဲ့ဖြင့် ဖွင့်လှစ်သင်ကြားသွားမည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြများနှင့်ကျွမ်းကျင်ပညာရှင်များကိုယ်တိုင်သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက အလုပ်အကိုင်ထူထောင်လိုသူများအားဌာနမှ လိုအပ်သော အကြံဉာဏ်များနှင့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုပါက မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ၈၂ လမ်းနှင့် ၂၅ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၉၆၅၀၁၉၃၅၇၂သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(၀၄၅)

# ဘဏ္ဍာနှစ် ရှစ်လအထိ ပို့ကုန်များတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ဘီလီယံနီးပါး ရရှိထား

၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ဧပြီလ မှ နိုဝင်ဘာလအထိ ရှစ်လအတွင်း ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနီးပါး ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပို့ကုန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၈၂၅ ဘီလီယံရရှိထားပြီး ပို့ကုန်လျာထားချက်၏ ၆၀ရာခိုင်နှုန်း ရရှိထားခြင်းဖြစ်သည်။

ပို့ကုန်တင်ပို့မှုများအနေဖြင့် ဆန်၊ဆန်ကွဲ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၀၄ သန်းရရှိထားပြီး တန်ချိန် ၁၆၉၇၁၆၅ ဒသမ ၈၉ မက်ထရစ်တန်ကို နိုင်ငံပေါင်း ၂၃ နိုင်ငံကို တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။

ပြောင်းတင်ပို့မှုအနေဖြင့် ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ၈လတာအတွင်း အမေရိကန်ဒေါ်လာ ၃၉၂ သန်းနီးပါးရရှိထားပြီး ပြောင်းတန်ချိန် ၁ဒသမ၆၉သန်း တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းက ထုတ်ပြန်ထားသည်။

ပို့ကုန်ပဲမျိုးစုံတင်ပို့မှုအနေဖြင့် အိန္ဒိယနိုင်ငံမှ အများဆုံးဝယ်ယူထားပြီး ပြည်ပတင်ပို့မှုစာရင်းများအရ ပဲမျိုးစုံ စုစုပေါင်းတန်ချိန် ၉၅၆၃၁၃ ဒသမ ၈၅ တင်ပို့ထားသည်။

ထိုသို့တင်ပို့ရာတွင် အိန္ဒိယနိုင်ငံသို့ မတ်ပဲတန်ချိန် ၄၃၇၇၄၉ ဒသမ ၈၅ အထိ တင်ပို့ထားပြီး ပဲလွန်းဖြူ၊ ကုလားပဲ၊ မြေထောက်ပဲ၊ ပဲစင်းငုံ၊ ပြောင်းများကို တင်ပို့ထားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပို့ကုန်ရငွေများကို ဆန်၊ဆန်ကွဲ၊ ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ နှမ်း၊ ကြက်သွန်၊ ရာဘာစိမ်း၊ ရေထွက်ကုန်ပစ္စည်းများနှင့် သတ္တုတွင်းထွက်ပစ္စည်းများတင်ပို့မှုမှ ရရှိထားကြောင်းသိရသည်။

(အောက်ပုံ)

**ရွှေမန်း**



# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်။

ထိုသို့ ရောင်းချပေးမည့် အစီအစဉ်များမှာ ဒီဇင်ဘာ ၂၃ ရက်တွင် အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်၊ ၈၆လမ်း၊ ၁၅လမ်းနှင့် ၁၆ လမ်းကြားတွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ ၃၂လမ်းနှင့် ၇၆လမ်းထောင့်တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက်တွင် ခရစ်စမတ်နေ့၌ သက်သာဈေးရောင်းချမှု ရပ်နားထားပြီး ဒီဇင်ဘာ ၂၆ ရက်တွင် ၂၃လမ်းနှင့် ၂၄ လမ်းကြား၊ ၆၄လမ်းနှင့် ၆၅လမ်းကြားတွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့်၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)




သန့်ရှင်းသာယာ မန္တလာ ဝိုင်းဝန်းထိန်းသိမ်းပါ။

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ ဏ္ဍာ ရာဇ် များ (၁၀၁)

"စကားလုံးများထဲက ငါ့ရုပ်ပုံလွှာ" ကဗျာကို ရေးအပြီး အစအဆုံး တစ်ခေါက်ပြန်ဖတ်သည်။ ကဗျာကို ဖတ်ပြီး ကျေနပ်ကြည်နူးမိပြီး (A-4) အဖိုးစက္ကူစာရွက်ပေါ်သို့ အချောကူးကာ စာအိတ်ထဲထည့်သည်။ စာအိတ်ကို ပိတ်ပြီး စာအိတ်ပေါ်တွင် ကဗျာပို့မည့် မဂ္ဂဇင်းတိုက် သေချာစဉ်းစားသည်။ မဂ္ဂဇင်းအတော်များများတွင် ကျွန်တော့်ကဗျာများ ဖော်ပြပါရှိနေပြီဖြစ်၍ ဤကဗျာကို ပို့ရန် မဂ္ဂဇင်းတိုက်များကို စိစစ်ရွေးချယ်ကြည့်ဖြစ်သည်။

ယင်းသို့ ရွေးချယ်ရာတွင် မဂ္ဂဇင်းတိုက်များ၏ မူဝါဒနှင့် (Style)ဟန်ကို ကြည့်မနေတော့ဘဲ ကျွန်တော်၏ ကဗျာကို ကဗျာဆရာကြီးများနှင့်အတူ ယှဉ်၍ အဖွင့်စာမျက်နှာမှ ပထမဦးဆုံး ဖော်ပြပေးခဲ့သည့် (ကလျာအမျိုးသမီးမဂ္ဂဇင်း)ကို ရွေးချယ်လိုက်ပြီး စာအိတ်ပေါ်တွင် စာတည်းအဖွဲ့၊ ကလျာအမျိုးသမီးမဂ္ဂဇင်းတိုက်၏ လိပ်စာရေးလိုက်တော့သည်။

ကဗျာများဆက်ရေးချင်သေးသော်လည်း ညဦးပိုင်းက သူငယ်ချင်း အောင်ဂျမ်း၊ မောင်ယဉ်နိုင်(မုံရွာ)တို့နှင့် သောက်လာခဲ့သောအရှိန်ကြောင့် ကိုယ်ခန္ဓာမှာ မဟန်နိုင်တော့ဘဲ စာရေးစားပွဲတွင် ကြာကြာမထိုင်နိုင်တော့ချေ။ ထိုညက အိပ်ရာထဲ စောစောဝင်အိပ်ခဲ့သောညအဖြစ် မှတ်တမ်းဝင်သွားသည်။

နောက်တစ်နေ့ နံနက် အိပ်ရာမှ နိုးပြီး လက်ဖက်ရည်ဆိုင်သွားမည်ပြုစဉ် အမေ့အသံကြားသဖြင့် နောက်သို့ လှည့်ကြည့်မိသည်။

"အောင်မြင့် … လက်ဖက်ရည်ဆိုင်သွားမလို့လား၊ မသွားနဲ့ဦး၊ နင့်ကို ငါပြောစရာရှိတယ်။ ပြောစရာဆိုတာထက် မေးစရာရှိတယ်"

"ဟုတ် … အမေ … ဘာမေးမလို့လဲ"

"အေး … နင် ညက အရက်တွေ သောက်လာတယ် မဟုတ်လား"

ကျွန်တော်က အမေ့၏ အမေးစကားကို ပြန်လည်ဖြေကြားခြင်းမပြုဘဲ မသိကျိုးကျွံပြုနေလိုက်သည်။

"ဟဲ့ … ငါ မေးနေတယ်လေ၊ မကြားဘူးလား"

အမေ့၏ လေသံမြင့်မြင့်ကို ပြန်ကြားရတော့မှ ပြန်ဖြေလိုက်ပြီး လက်ဖက်ရည်ဆိုင်သွားဖို့ တာစူလိုက်သည်။

"မုံရွာက သူငယ်ချင်းတစ်ယောက် မန္တလေး အလည်ရောက်လာလို့ ဧည့်ခံရင်း နည်းနည်းသောက်ဖြစ်သွားတာပါ"

"အေး … အဲလို နည်းနည်းကနေ စတာပဲ၊ အလုပ်မရှိ၊ အကိုင်မရှိနဲ့ ကဗျာဆရာယောင်ယောင်၊ စာသမားယောင်ယောင်နဲ့ အရက်သမားဘဝရောက်သွားလိမ့်မယ်၊ နင့်အရွယ်က တုတ်နဲ့ ရိုက်ရမယ့် အရွယ်လည်း မဟုတ်တော့ဘူး၊ ကိုယ့်ဘဝကိုယ် နစ်မွန်းချင်ရင်တော့ ဒီအတိုင်း ဆက်သွားပေါ့၊ ငါလည်း ဒီထက် ပိုပြီး မပြောချင်ဘူး"

"အင်းပါ … အမေရာ ကျွန်တော့်ကိုယ် ကျွန်တော် ထိန်းနိုင်ပါတယ်၊ မပူပါနဲ့"ဟု ပြောကာ လက်ဖက်ရည်ဆိုင်သို့ ခပ်သွက်သွက်ထွက်လာခဲ့သည်။

လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း မနေ့ညက အောင်ဂျမ်း၊ ယဉ်နိုင်တို့နှင့် အရက်သောက်ခဲ့သည့်အကြောင်းကို ပြန်စဉ်းစားသည်။ တက္ကသိုလ်တက်စဉ်ကာလက ပို၍ အရက်သောက်ဖြစ်သည်ကိုလည်း တစ်ဆက်တည်း တွေးမိသည်။

"စောစောက အမေပြောသလို ငါ … အရက်သမားဘဝကို ဦးတည်နေမိပြီလား"ဟု ပြန်လည်စမ်းစစ်ကြည့်နေမိသည်။ ကဗျာဆရာ၊ စာရေးဆရာအတော်များများ အရက်ယမကာနှင့် မကင်းနိုင်ကြသည်ကိုလည်း သတိထား ဆင်ခြင်မိသည်။

ယမကာလေး မှီဝဲမှ ကဗျာများ၊ စာများ ရေးနိုင်သည်လား၊ ယမကာမသောက်ဘဲ ကဗျာရေးလို့မရဘူးလား၊ အရက်သောက်မှ ဈာန်ဝင်သည်ဟု အချို့စာရေးဆရာများက ပြောကြသည်ကိုလည်း ကြားဖူးသည်။

ထိုအထဲမှ အရက်လုံးဝမသောက်ဘဲ နေနိုင်သည့် ကဗျာဆရာ၊ စာရေးဆရာတစ်ဦးနှင့် ကျွန်တော် ဆုံဖူးသည်။ ရန်ကုန်မှာနေသော ဆရာဖြစ်သည်။ ထိုဆရာမှာ ကျွန်တော်လေးစားတန်ဖိုးထားရသော ခေတ်ပေါ်မော်လ်ဒန် ကဗျာဆရာ သစ္စာနီ(ကိုရဲ)ပင်ဖြစ်သည်။

ဆရာသစ္စာနီ(ကိုရဲ)သည် အရက်မပြောနှင့် ဆေးလိပ်ပင် သောက်သူမဟုတ်ပါ။ ကျွန်တော်နှင့် လက်ဖက်ရည်ဆိုင်ထိုင်စဉ်က အရက်၊ ဆေးလိပ် လုံးဝ မသောက်ကြောင်းလည်း ထုတ်ဖော်ပြောပြဖူးသည်။ အံ့သြလေးစားဖို့ ကောင်းသည်။

ကျွန်တော်သည် ဆရာသစ္စာနီ၏ ကဗျာ၊ ဝတ္ထုများကို ကြိုက်နှစ်သက်သော်လည်း သူ၏ နေထိုင်မှုပုံစံကို အတုယူနိုင်ခြင်းမရှိခဲ့ပေ။ ယနေ့အချိန်အထိ တစ်ခါတစ်ရံ ဘီယာ၊ ယမကာများ မှီဝဲဖြစ်နေသည်ကို ဝန်ခံရပေမည်။ (ဆေးလိပ်ကိုတော့ လုံးဝမသောက်ဖြစ်တော့ပါ။)

"စကားလုံးများထဲက ငါ့ရုပ်ပုံလွှာ" ကဗျာကို စာတိုက်ကြီးမှတစ်ဆင့် ရန်ကုန်ကလျာမဂ္ဂဇင်းတိုက်သို့ လှမ်းပို့ဖြစ်ပြီး စာတိုက်ကြီးမှအပြန် ကဗျာတစ်ပုဒ်မဂ္ဂဇင်းတွင် ဖော်ပြပါရှိနိုင်ဖို့ အနည်းဆုံး ၂လ၊ ၃လ စောင့်ရသည်။ ယင်းသို့ စောင့်ရသည့်ကာလမှ နာမည်ရကလောင်နှင့် အယ်ဒီတာတို့၏ ရင်းနှီးမှုအတိုင်းအတာကြောင့် ဖြစ်သည်။သို့မဟုတ်ပါက ကဗျာတစ်ပုဒ် ဖော်ပြပါရှိရန် တစ်နှစ်အတွင်းမှ ၅နှစ်၊ ၆နှစ်ခန့် ကြာသွားနိုင်သည်။

ကဗျာကို အယ်ဒီတာကြိုက်လျှင်တော့ တစ်နှစ်အတွင်း၊ နှစ်နှစ်အတွင်း ဖော်ပြပါရှိနိုင်သည်။ ဤသည်မှာ ကျွန်တော်၏ ကိုယ်တွေ့ အတွေ့အကြုံအရ ပြောဆိုရခြင်း ဖြစ်ပါသည်။

၁၉၈၆ ခုနှစ်က ရေးခဲ့သော "ဂန္ထဝင်တောအုပ်ကို ဖြတ်သန်းခြင်း" ကဗျာမှာ ၂နှစ်အကြာ ၁၉၈၈၊ ဧပြီလ၊ ရုပ်ရှင်အမြုတေမဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြရှိခဲ့သည်။

ထို့အတူ (၈-၂-၁၉၈၈)ရက်တွင် ရေးဖွဲ့ခဲ့သော "မြို့ပြအမှိုက်ပုံပေါ်က ဝတ္ထု" ကဗျာမှာ ၇နှစ်အကြာ ၁၉၉၅၊ မေလ၊ ရွှေသမင်မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြပါရှိခဲ့လေသည်။

ယင်းကဗျာ ၂ ပုဒ်ကို အမှတ်တရ ဖော်ပြရသော် -

**ဂန္ထဝင်တောအုပ်ကို ဖြတ်သန်းခြင်း**

* လေးလုံးစပ် မြင်းရိုင်း
ကဆုန်စိုင်း စီးမျှော
ဂန္ထဝင်တောအုပ်
မိုးမချုပ်မီ ဖြတ်သန်း
ကဗျာဆရာရဲ့ စွန့်စားခန်းများ
အနာဂတ်တံခါးဝမှာ
ရာဇဝင်တစ်ခေတ်
ထုဆစ်ရဲပြီ။

* ပန်းပွင့်အိပ်မက်
ချောကလက်ခတ်ပြား
ချူကလီးယားတစ္ဆေ
တိပ်ခွေ တီဗွီ
နာရီ ကွန်ပျူတာတွေကြား
အသည်းတယားယား ရင်တဖိုဖို
အလို … လေးလုံးစပ် မြင်းရိုင်း
ဒုန်းစိုင်း ပြေးနေဆဲ။

* ကြည့်လိုက်ကြစမ်းကွယ်
နောက်ကျန်ခဲ့တဲ့ လမ်းများ
သိင်္ဂါရပန်းခင်း
အလှသီချင်း စာဝေဝေ

## သွယ်အောင်

နူးခြွေဖြန့်ကြဲ
ရင်ထဲထိမှန်
ရင်ခုန်သံတွေ
ဒီရေမြင့်သစ်
ပွင့်လှစ်ဖူးကြွ
တသ လွမ်းဆွတ်ခဲ့ရပြီ။

* ကဗျာကောက်ကြောင်း
သံစွာစောင်းနဲ့ရေးခြစ်
လွင့်စင်ရစ်တဲ့ မြင်းခွာသံ
ကဗျာချစ်သူတွေထံဆက်သ
ရသသစ် အိပ်မက်တူးဖော်
အလှရှာတော်ပုံဖွင့်ခန်း
ယုံကြည်ချက်နဲ့ ချီတက်လှမ်း။

* လှမ်းမြင်နေရ
တွေ့လိုက်ရပြီ
အလှသစ်ခေတ်ဦး
အချစ်ဦးရေ …
ကဗျာတွေ တစ်ထုပ်တစ်ထမ်း
ပွေ့ဖက်
လမ်းခွဲနှုတ်ဆက်ရစ်ခဲ့။

* ဂန္ထဝင်တောအုပ်ရဲ့ အလယ်
မျက်စိလယ်လမ်းမှား
စွန့်စားခန်းစာတ်လမ်း
တစ်ခန်းရပ်စေခဲ့ပြီ။

* အနာဂတ်ရဲ့ အလှသစ်
ပျိုမျစ်ယစ်ထုံ
ရန်ခုန်မွှေးမြ
ရသတိမ်းဖူး
နှလုံးသားထဲစူးရောက်
နေဝင်မိုးသောက်
ထိုးဖောက်ဖွင့်လှစ်
ကဗျာသစ်လမ်းကလေး
ပန်းတဖွေးဖွေးဝေနေရဲ့။

* ဂန္ထဝင်တောအုပ်
နောက်ဆုတ်ကျန်ရစ်
ရန်ခုန်သံသစ်ထစ်ချုန်း
လေးလုံးစပ် မြင်းရိုင်း
ဒုန်းစိုင်းလို့ ပြေးနေဆဲပါကွယ် ။

သွယ်အောင်
(ရုပ်ရှင်အမြုတေမဂ္ဂဇင်း)
၁၉၈၈၊ ဧပြီလ



## သာစည်မြို့နယ် အ-ထ-က ရွှေတုတ်ကုန်း၌ ဥပဒေဆိုင်ရာနှင့် မူခင်းအသိပညာပေးဟောပြောပွဲ ပြုလုပ်

**သာစည် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ရွှေတုတ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်မင်းရာဇာခန်းမ၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ဥပဒေဆိုင်ရာနှင့် မူခင်းအသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့သည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးလှထွန်းက ဥပဒေဆိုင်ရာနှင့်မူခင်းအသိပညာပေး ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ဥပဒေအရာရှိဦးအောင်ဖြိုးလွင်က ဥပဒေဆိုင်ရာများနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာများကိုလည်းကောင်း၊ ညောင်ရမ်းရဲကင်းစခန်းမှ ဒုရဲအုပ်ဇော်လင်းထွန်းက မူခင်းဆိုင်ရာများကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ဥပဒေဆိုင်ရာများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ မြို့နယ်ဥပဒေအရာရှိက ပြန်လည်ဖြေကြားပေးပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းဝင်းမော်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အသိပညာပေးဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုးဝင်းအောင်၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၈၇)

## စားသောက်ကုန်နှင့် လူသုံးကုန်များ ထုတ်လုပ်ရောင်းချမည့်ပစ္စည်း အမယ်ပေါင်း ၈၁၀ ကို ဓာတ်ခွဲစမ်းသပ်ခွင့်ပြုပေးထား

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်း တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်များ ပေါ်ထွက်ရေးအတွက် စားသောက်ကုန်နှင့် လူသုံးကုန် ထုတ်လုပ်ရောင်းချမည့်ပစ္စည်း အမယ်ပေါင်း ၈၁၀ ကို ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ကာ ခွင့်ပြုပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်များမှ ထုတ်လုပ်ရောင်းချမည့် ကုန်ပစ္စည်းများကို ယခုဘဏ္ဍာနှစ်တွင် ဓာတ်ခွဲစမ်းသပ်ပေးရန် ၆၂၅ ကို လျာထားဆောင်ရွက်နေကြောင်း၊ ယနေ့အချိန်အထိ ဓာတ်ခွဲစမ်းသပ်ခြင်းကို ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးခြင်းအနေဖြင့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်စုစုပေါင်း ၃၂၉ ခုနှင့် အဏုဇီဝဓာတ်ခွဲ စမ်းသပ်ခြင်းအနေဖြင့် စားသောက်ကုန်၊ အလှကုန်၊ လူသုံးကုန် စုစုပေါင်း ၄၈၁ ခုတို့ဖြစ်ပြီး ယင်းဓာတ်ခွဲစမ်းသပ်ခြင်းနှစ်မျိုးဖြင့် အမယ်ပေါင်း ၈၁၀ ကို သုတေသနစမ်းသပ်မှုများ ပြုလုပ်ပေးကာ ခွင့်ပြုပေးထားသည်။

"ကျွန်တော်တို့ဌာနကနေပြီးတော့ လုပ်ငန်းရှင်တွေထုတ်လုပ်မယ့် ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်ခြင်းနှစ်မျိုးနဲ့ ဆောင်ရွက်ပါတယ်။ ယခုလက်ရှိအချိန်မှာ ဓာတ်ခွဲစမ်းသပ်ခြင်းတွေအနေနဲ့ ၈၁၀ ခုကို ဆောင်ရွက်ထားရှိပါတယ်။ ဓာတ်ခွဲစမ်းသပ်ပေးရာမှာလည်း စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ ထုတ်ကုန်ပစ္စည်းတွေကို သာ ခွင့်ပြုပေးခဲ့ပါတယ်။ ဘဏ္ဍာနှစ်အလိုက်လည်း လုပ်ငန်းရှင်တွေ ပေါ်ထွက်ရေးအတွက် ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်ပေးခြင်းတွေပြုလုပ်ပြီး ခွင့်ပြုပေးပါတယ်။ ထုတ်လုပ်ရောင်းချမယ့် လုပ်ငန်းရှင်တွေက မိမိတို့ ပြုလုပ်ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမယ့် ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်မှုမဖြစ်မနေပြုလုပ်ရပါတယ်"ဟု ၄င်းက ရှင်းပြသည်။

တိုင်းဒေသကြီးအတွင်း တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်း ပြုလုပ်နေသူများကို ဘဏ္ဍာနှစ်အလိုက် ဓာတ်ခွဲစမ်းသပ်ပေးနေခြင်းသည် လုပ်ငန်းရှင်များထုတ်လုပ်သည့် ကုန်ပစ္စည်းများ၌ အန္တရာယ်ဖြစ်စေနိုင်သော ဓာတုဆေးဝါးများ ပါဝင်မှုမရှိစေရန်နှင့် ဈေးကွက်အတွင်း ဝင်ရောက်မှုမရှိစေရေးတို့ကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ စမ်းသပ်ပေးနေသည့်အတွက် အရည်အသွေးပြည့်မီသည့် စားသောက်ကုန်များနှင့် လူသုံးကုန်များဖြစ်စေရေးအတွက်ရည်ရွယ်ပြီး ပြည်သူများအတွက် ဆောင်ရွက်နေကြောင်း သိရသည်။

(၀၇၃)



## အမှတ်(၁) မူလတန်းကြိုကျောင်း ကာယစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၂၇ လမ်း၊ ၆၈ လမ်းနှင့် ၆၉ လမ်းကြားရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ အမှတ်(၁) မူလတန်းကြိုကျောင်းတွင် ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိဘဆရာအသင်းမှကြီးမှူး၍ ၂၀၂၄-၂၀၂၅ ခုနှစ်၊ ကာယစွမ်းရည်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ပွဲစဉ်များအား ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိကြသူများကို တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီး ဒေါ်ခင်ဌေးဝင်းတို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မူလတန်းကြိုကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းဝင်များ၊ အခြားဖိတ်ကြားထားသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ၄င်းတို့၏ မိဘများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၂)

ပတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

### ကွက်လပ်ကလေး

* ပြန်ကြားရေးအဖွဲ့များဟာ
မနားမနေနဲ့ပါ
ညအိပ်ညနေလုပ်ရလည်း
အပြုံးမပျက်ပါဘဲ ။

* ယနေ့မျက်မှောက်အချိန်ခါ
သတင်းဟာ အရေးကြီးတာ
ပြန်ကြားရေးမှာ အချိန်မီရေး
နေ့ ၊ ညမနား ကြိုးစားပေး ။

* သတင်းစာတစ်စောင် ဖြစ်ဖို့ရယ်
မလွယ်ကူလှပါတယ် ။
စာစီအချောရိုက် ဆောင်ရွက်ရ
အမှားအယွင်းမရှိအောင်ဗျ ။

* ဆေးစက်ကျရာ အရုပ်ထင်
ထိုဥပမာအတိုင်းပင်
ကော်မတီရဲ့ ကွက်လပ်ကလေး
ဆက်၊ ပြန်ဌာနက ဖြည့်ဆည်းပေး ။

* ကော်မတီပုံရိပ်ကောင်းဖို့ရယ်
အမြဲကြိုးစားဆောင်ရွက်မယ်
မြို့နေလူထုကောင်းကျိုးရ
ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ။ ။

သန်းနိုင်စိုး(စိုက်/မွေး)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့ ။



## သတင်းပဒေသာ

### လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲအား ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်က အမှာစကားပြောကြားခဲ့သည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာထွေးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စာအုပ်၊ စာစောင်များ ဌားရမ်းပေးခြင်းနှင့် နံရံကပ်စာစောင်များ ပြသ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့တွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာပေဖတ်ရှုသည့် အလေ့အထများ တိုးပွားလာစေရေး၊ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေရေးအတွက် စာအုပ်၊ စာစောင်များ ဌားရမ်းပေးခြင်းနှင့် နံရံကပ်စာစောင်များ ပြသခြင်းကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့တွင် (GEC) အစိုးရဝန်ထမ်းပေါင်းစုံအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်က အမှာစကားပြောကြားသည်။ သဘာပတိ ဦးသန်းနိုင်က နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဒါရိုက်တာအဖွဲ့၏ ၂၀၂၃-၂၀၂၄ လုပ်ငန်းအစီရင်ခံစာအား ဒါရိုက်တာအဖွဲ့ဝင် ဒေါ်တင်တင်လှက ဖတ်ကြားသည်။ စာရင်းစစ်အဖွဲ့၏ ၂၀၂၃-၂၀၂၄ အတွက် ဘဏ္ဍာရေးရှင်းတမ်းနှင့် နှစ်ချုပ်အစီရင်ခံစာအား စာရင်းစစ် ဦးသိန်းသန်းစိုးက ဖတ်ကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၊ Community Centre ၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကျင်းပရာ ပြန်/ဆက်ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာရေးဆရာ နွေဦးကိုကိုက လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ကျင်းပသည်။ ယင်းနောက် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့ကြသူများအား ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဗောဓိငါးထောင်သို့ ဘုရားနှင့် ထီးတော်များ လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၂၁**

နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဆရာတော်၊ ဗောဓိငါးထောင်ဖြစ်မြောက်ရေး ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခအဘိဇမဟာရဋ္ဌဂုရုဦးဆောင်သည့် ပုသိမ်ကြီးမြို့နယ်၊ဆင်ပွတ်ကလေးကျေးရွာအနီးရှိ ဗောဓိငါးထောင်ဘုရားသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားတစ်ဆူငွေကျပ်ခုနစ်သောင်း၊ ထီးတော်တစ်လက်ငွေကျပ် ခြောက်သောင်းငါးထောင်ဖြင့် လှူဒါန်း ကုသိုလ်ပြုလျက်ရှိသည်။

အလှူရှင် မန္တလေး၊ အောင်မြေသာစံမြို့နယ် ဦးဘအုန်း+ဒေါ်အေးတင်တို့အား ရည်စူး၍ (သား)ဦးထွန်းရှိန် (၈၇)နှစ်ပြည့် မွေးနေ့+ဒေါ်ခင်သိန်း မိသားစုက ထီးတစ်လက်၊ ချမ်းမြသာစည်မြို့နယ်နေ ဦးတင်ရွှေ+ဒေါ်ဆွေဆွေမြင့်တို့အား ရည်စူး၍ ဦးညိမ်းဆောင်+ဒေါ်စုမြင့်တင် မိသားစုက ဘုရားတစ်ဆူ၊ မဟာအောင်မြေမြို့နယ်နေ ဦးမောင်မောင်စိုး+ဒေါ်ခင်ခင်စိုး မိသားစုက ဘုရားတစ်ဆူ၊ ထီးတစ်လက်၊ ဒေါ်ခင်မာဆွေက ထီးတစ်လက်၊ဒေါ်တင်တင်အေး၊ (သမီး)မဖြိုးဖြိုး မိသားစုက ဘုရားတစ်ဆူ၊ ပုသိမ်ကြီးမြို့နယ်နေ (ဖခင်)ဦးတင်မောင်+(မိခင်)ဒေါ်လှပေါ်၊ (ဖခင်)ဦးပွကြီး+ဒေါ်ယဉ်မေတို့အား အမျှထား၍ (သား)ဦးငွေမောင်+ဒေါ်ဝင်း၊ (သမီး)မနှင်းယုခိုင် မိသားစုက ဘုရားငါးဆူနှင့် ကျောက်ဆင်းတုတော်တစ်ဆူ အသီးသီး လှူဒါန်းကြရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး)



ဥက္ကဋ္ဌကိုယ်စား ကော်မတီဝင် ဒေါ်နွယ်နီက ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (အပေါ်ပုံ)(ကဆ)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့၊ ၈၄လမ်း၊ ၄၂လမ်းထောင့်နေ (ဖခင်ကြီး)ဦးစိန်+(မိခင်ကြီး) ဒေါ်တုတ်တုတ်၊ (အစ်ကို)ဦးပွား(ခ)ဦးစိုးအောင်တို့အား ရည်စူး၍ မိုးသူ အင်ဂျင်ပိုင်ရောင်းဝယ်ရေးမိသားစုက ဆွမ်း၊ဆေး ပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်း၊ကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်း၊ကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်စဉ်။ (ကဆ)



## ဘုရားအနေကဇာတင်လှူပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၁**

ဘုရားအနေကဇာတင်လှူပွဲ၊ ဆိုင်းသစ်ဖွင့်ပွဲနှင့် ပရိတ်တရားတော် နာယူကြည်ညိုပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၁လမ်းနှင့် ၃၄လမ်းထောင့်ရှိ ရွှေမောက်ကုမ္ပဏီ တည်နေရာတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ လှူဒါန်းမှုကို ရွှေမောက်ကုမ္ပဏီပိုင်ရှင် ဘုရားဒါယကာ၊ ဘုရားဒါယိကာမများ ဖြစ်ကြသော ဦးကြူဇင်+သီရိသုခမ္မသိင်္ဂီ ဒေါ်အေးမြလွင် မိသားစုတို့က ရွှေမောက်ဖက်ရှင်ဆိုင်ဖွင့်ပွဲနှင့်အတူ ဘုရားအနေကဇာတင် လှူပူဇော်ခြင်း၊ ပရိတ်တရားတော်များ နာယူကြည်ညိုပူဇော်ခြင်း မင်္ဂလာကို ရွှေမောက်ကုမ္ပဏီ တည်နေရာဌာန ချမ်းအေးသာစံမြို့နယ်၊ ၇၁လမ်းနှင့် ၃၄လမ်းထောင့်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ရွှေမောက်ကုမ္ပဏီသည် စောမွန်လှဆွေတော်မျိုးတော်များ စုပေါင်းရှင်ပြုပွဲ အလှူဒါယကာ+အလှူဒါယိကာမများဖြစ်ကြသော မြတဘက်ဘုရားရွှေထီးတော် ဘုရားဒါယကာ+ဘုရားဒါယိကာမများလည်း ဖြစ်ကြသည်။ စောမွန်လှပေါ်တော်မူ ဘုရားတော်ကြီးသင်ပညာရေးကျောင်းသို့ ဆွမ်းနှင့်တကွ ဆန်တစ်အိတ်၊ ပဲတစ်အိတ်၊ ဆီတစ်ပုံးနှင့် နဝကမ္မဝတ္ထုငွေများ လှူဒါန်းခဲ့ကြသည်။

အဆိုပါကျောင်းတွင် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ကျော်တို့ကို စောင့်ရှောက်ပညာသင်ကြားပေးလျက်ရှိရာ အဆိုပါကျောင်းရှိ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ သီတင်းသုံးရာကျောင်းများနှင့်ကျောင်းသူ၊ ကျောင်းသားများအတွက်ပါ သောက်သုံးရေ ရရှိရေးနှင့် လျှပ်စစ်မီးထွန်းညှိမှု အဆင်ပြေစေရန် ဆိုလာပြားများကို တပ်ဆင်လျက်ရှိရာ စောမွန်လှဆွေတော်မျိုးတော်များ ပဋ္ဌာန်းဆက်ပညာရေးပါရမီဖြည့်လိုသည့် အလှူရှင်များအနေဖြင့် ဆိုလာပြားများ လှူဒါန်းကြရန် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ နိုးဆော်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(ကဆ)

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး ဒီဇင်ဘာ ၂၁**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်းပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသဝ(B.A ဓမ္မာစရိယ)ထံမှ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား နာယူကြပြီး မန္တလေးမြို့နေ လပြည့်ဝန်းဆီစက် မိသားစုက(ဖခင်)ဦးအောင်သိန်း+(မိခင်) ဒေါ်ခင်သောင်းတို့အား ရည်စူး၍ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီးငွေကျပ် သိန်း ၄၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၅ သိန်း၊ စုစုပေါင်း ငွေကျပ် ၄၅ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။

ထို့နောက် အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)



# လက်ဖက်ပင်နှင့် လက်ဖက်ရည်ကြမ်း၏ အကျိုးထူးများ



**လက်ဖက်ပင်၏ ဒဏ္ဍာရီ**

လက်ဖက်ပင်နှင့်ပတ်သက်၍ ရှေးဟောင်း ဒဏ္ဍာရီ အများအပြားရှိသည်။လက်ဖက်ပင် သည် ကုန်းမြေအမြင့်ပေ ၆၀၀၀ ခန့်ရှိ ကုန်းမြင့် ဒေသများတွင် ပေါက်ရောက်ဖြစ်ထွန်းသည်။ အမြင့် ၃ပေမှ ပေ ၃၀ အထိ မြင့်တက်သည်။ တရုတ်ရှေးဟောင်းသုတေသနဌာနတစ်ခု၏ အဆိုအရ တူးဖော်မှု တစ်ခုတွင် နှစ်ပေါင်း (၂၀၀၀)ခန့်က လက်ဖက်မျိုးစေ့များ တွေ့ရှိခဲ့ ကြောင်းနှင့် တရုတ်နိုင်ငံ ဆစ်ခေါင်ပန်းနား ဒေသတွင် သက်တမ်း ၁၂၀၀ ရှိ လက်ဖက်ပင် ကြီးတစ်ပင်ကို ထိန်းသိမ်းထားသည်။ မြန်မာ နိုင်ငံတွင် နမ့်ဆန်မြို့အနီး ပတ္တမြားစေတီရှိရာ လွယ်ဆိုင်တောင်ထိပ်တွင် အလောင်းစည်သူ မင်းကြီး စိုက်ပျိုးခဲ့သော လက်ဖက်ပင်ကြီးကို ထိန်းသိမ်းထားသည်။ (ထိုအပင်သည် အလောင်း စည်သူမင်းကြီး စိုက်ခဲ့သောလက်ဖက်ပင်၏ မျိုးဆက်လေးဆက်မြောက်အပင် ဖြစ်သည်ဟု လည်း မှုကွဲအဆိုတစ်ခုရှိသည်။) ထို့အပြင် ကျိုင်းတုံမြို့နယ် ဝမ်ဆိုင်ကျေးရွာအနီးတွင် နှစ်ပေါင်း(၁၈၀၀)သက်တမ်းရှိ ရှေးဟောင်း လက်ဖက်ခင်းကြီးများလည်း ရှိသည်။

မြန်မာနိုင်ငံတွင် လက်ဖက်စိုက်ပျိုးသော ဒေသအများအပြားရှိသည်။ အထင်ရှားဆုံးမှာ နမ့်ဆန်ဒေသဖြစ်သည်။ ထိုဒေသတွင် ပလောင် လူမျိုးအများဆုံးနေထိုင်ကြပြီး လက်ဖက်စိုက်ပျိုး သောအလုပ်ကို မိရိုးဖလာလုပ်ကိုင်ကြသည်။ ထို့ကြောင့် 'လက်ဖက်ကောင်းစားလိုလျှင် ပလောင်တောင်တက်နှေးမှ' ဆိုသည့် စကား လည်း အတော်ထင်ရှားသည်။ ထို့အပြင် နမ့်ခမ်း၊ ကိုးကန့်၊ ပင်လောင်း၊ ကလော၊ အောင်ပန်း နှင့် ချင်းပြည်နယ်တို့တွင်လည်း လက်ဖက်စိုက် ပျိုးထုတ်လုပ်သည်။

**လက်ဖက်ရည်ကြမ်း ယဉ်ကျေးမှု**

လက်ဖက်သည် အနံ့ပါသော အရွက်တစ် မျိုးဖြစ်သည်။ အာရှတိုက်မှစတင်၍ လက်ဖက် ရည် ယဉ်ကျေးမှုပေါ်ထွန်းခဲ့ပြီးမှ ကမ္ဘာသို့ ပျံ့နှံ့ ရောက်ရှိခဲ့သည်။ တရုတ်နိုင်ငံသည် အခါးခြောက် ဟုခေါ်သော လက်ဖက်ခြောက် (Green tea) ယဉ်ကျေးမှု စတင်ထွန်းကားခဲ့သည်။ သမိုင်း အထောက်အထားအရ တရုတ်နိုင်ငံတွင် နှစ်ပေါင်း (၅၀၀၀) (BC-၃၀၀၀)ခန့်က စတင်သုံးစွဲခဲ့ သည်။ ထိုအချိန်က တရုတ်နိုင်ငံတွင် ရှန်နန်း ဧကရာဇ် အုပ်ချုပ်ခဲ့သည်။ တစ်နေ့တွင် ထိုမင်း သည် တိုင်းခန်းလှည့်လည်ရာ တောင်ပေါ်ဒေသ တစ်ခုတွင် ခေတ္တရပ်နားသည်။ ထိုနေရာအနီး တွင်ရှိသော စမ်းချောင်းမှ ရေကို သောက်သုံး လျှင် ရောဂါရမည်ကို စိုးရိမ်၍ မင်းကြီးသည် သစ်ပင်တစ်ပင်၏အရိပ်တွင် လူများ၊ မြင်းများပါ သောက်သုံးရန် ရေနွေးကျိုစေသည်။ ရေနွေးအိုး အားလုံး အဖုံးဖွင့်ထားရာ သစ်ပင်မှ ကြွေကျသော သစ်ရွက်အချို့ ရေနွေးအိုးထဲသို့ ကျခဲ့သည်။ ထို အခါ ရေနွေးမှာ ဝါကြန့်ကြန့်အရောင် ဖြစ်သွားပြီး အနံ့လည်း အလွန်မွှေးသည်။ မင်းကြီးသည် မြင်း များကို တိုက်ကျွေးစေရာ နှစ်သက်စွာ သောက်သုံး ခြင်းကြောင့် လူများပါသောက်သုံးရာ စိတ်ကြည် လင်၍ ပင်ပန်းနွမ်းနယ်မှုများ လျော့ပါးသွားသည် ကို ခံစားကြရသည်။ ထိုအပင်မှာ ပေ(၂၀)၊ (၃၀)ခန့် မြင့်သော လက်ဖက်ပင်ဖြစ်သည်။ ထိုအချိန်မှစ၍ လက်ဖက်ရည်ကြမ်း သောက်သုံး သည့်ဓလေ့ ပေါ်ပေါက်လာသည်ဟု ဆိုသည်။

**မြန်မာတို့၏ ရေနွေးကြမ်းသောက်သုံးမှုဓလေ့**

ရေနွေးကြမ်းသည် လက်ဖက်ခြောက်(Green tea)နှင့်ရေနွေးပေါင်းစပ်ထားသည့် လက်ဖက် ရည်ကြမ်း တစ်မျိုးဖြစ်သည်။ တချို့က လက်ဖက် ရည်အဖန်၊ အခါးဟုလည်း ခေါ်တတ်ကြသည်။ မြန်မာနိုင်ငံတွင် ရေနွေးကြမ်းခေါ် လက်ဖက်ရည် ကြမ်း သောက်သုံးခြင်းသည် အလွန်တွင်ကျယ် သည့် အစဉ်အလာဓလေ့တစ်ခု ဖြစ်သည်။

ရေနွေးကြမ်းသောက်သုံးခြင်းကို အလောင်း စည်သူမင်းကြီးလက်ထက်ကပင် တည်ရှိခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။ မြန်မာဘုရင်များ အဆက်ဆက်တွင် လက်ဖက်ရည်ကြမ်းသောက်သုံး ခြင်းသည် အရေးပါကြောင်း စာဆိုတော် ဦးပုည ကို 'လက်ဖက်ရည်တော်' ရာထူးပေးအပ်ထား ခြင်းဖြင့် သိနိုင်သည်။ ထို့အပြင်'**လက်ဖက်ရည် အဖန်သောက်လျှင်ဖြင့်၊ ကျက်သရေအမှန်ရောက်ပါ လိမ့်၊ ကြံသလောက်ပြီးတဲ့ရေ**' ဟု စာဆိုတော် ဦးပုည စပ်ဆိုခဲ့သည်ကိုကြည့်လျှင် လက်ဖက်ရည် ကြမ်း၏ အသုံးတွင်ကျယ်ပုံကို သိနိုင်သည်။

မြန်မာလူမျိုးတို့၏ သောက်သုံးမှုတွင် ရေပြီး လျှင် ရေနွေးကြမ်းသည် ဒုတိယအများဆုံးဖြစ် သည်။ အိမ်တိုင်းတွင် ရေနွေးကြမ်းအိုးရှိပြီး ကိုယ်တိုင်သောက်သုံးသကဲ့သို့ ဧည့်သည်လာလျှင် ရေနွေးကြမ်းနှင့်ထန်းလျက်၊ လက်ဖက်၊ ကွမ်း တို့ဖြင့် ဧည့်ခံပေးလေ့ရှိသည်။ ဘုန်းတော်ကြီး ကျောင်းများတွင်လည်း ဆွမ်းဘုဉ်းပေးပြီးပါက ရေနွေးကြမ်းနှင့် ငါးခြောက်ဖုတ်ဆီဆမ်းကို ဘုဉ်း ပေးလေ့ရှိသည်ကို 'မင်းတုန်းမင်းနှင့် ငါးခြောက် ပြား'သမိုင်းက ဖော်ပြနေသည်။ ထို့ကြောင့် လက် ဖက်ရည်ကြမ်း သောက်သုံးခြင်းဖြင့် ချွဲကြေ၊ ဆီး ရွှင်ပြီး သူခိုးရန်ကင်းဝေးစေကြောင်း၊ အကြံအစည် တိုးပြီး ဉာဏ်အလင်းဖွင့်ကာ တရားဓမ္မရှာဖွေရင်း အသက်ရှည်နိုင်ကြောင်း'လယ်တီဆရာတော် ဘုရားကြီးက ရေနွေးကြမ်းသောက်လျှင် ရနိုင်သော အကျိုးထူးများကို တေးထပ်ရေးသားဖော်ပြခဲ့သည်။ သို့သော် လက်ဖက်ရည်ကြမ်းကို အလွန်စွဲလမ်းစွာ သောက်သုံးလျှင် ဆိုးကျိုးဖြစ်နိုင်ပုံကို မန်လည် ဆရာတော်ဘုရားကြီးက လက်ဖက်ရည်ကြမ်း ဝိုင်းတွင် အချိန်ကုန်နေ၍ ဝင်ငွေမရှိဖြစ်ကာ မယား ကိုနှိမ်ဆဲမှုခံရနိုင်ကြောင်း၊ ပတ်ဝန်းကျင်မှ အလကား လူဟု သတ်မှတ်ခံရပြီး မယားနဲ့ ကွာရှင်းပြတ်စဲ သည်အထိ ဖြစ်နိုင်ကြောင်း တေးထပ်ရေးစပ်၍ သတိပေးမှုများလည်း ရှိခဲ့သည်။

သို့သော် တိုးတက်နေသော ခေတ်ကြီးတွင် ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရေနွေး ကြမ်း(Green tea)ကို နေ့စဉ်မှန်မှန်သောက်သုံး သူသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော ဖျားနာခြင်း ကို ကာကွယ်ပေးနိုင်သည်။ (catechins)ဒြပ် ပေါင်းသည် လက်ဖက်ရွက်တွင်ပါဝင်ပြီး လူကို အန္တရာယ်ပေးနိုင်သော ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများ၏ရန်မှ ဆဲလ်များကို အကာ အကွယ်ပေးနိုင်သောကြောင့် ဖြစ်သည်။ ထို့အပြင် ခံတွင်းနံ့ နံခြင်း၊ ဝမ်းကိုက်ခြင်း၊ အစာမကြေခြင်း၊ ဝမ်းလျှောခြင်း၊ တုပ်ကွေးဖျားခြင်း၊ အအေးမိ ချောင်းဆိုးခြင်းတို့ကိုလည်း တားဆီးပေးနိုင်သည် ဟု ဆိုသည်။

ရေနွေးကြမ်းက ပေးနိုင်တဲ့ နောက်ထပ်အကျိုး ထူးတစ်ခုမှာ တစ်သျှူးကြွက်သားများကို ညှစ်စေ၊ ကျုံ့စေနိုင်သောကြောင့် အရေပြားကို တင်းရင်း ကျစ်လျစ်လာစေနိုင်သည်။ ရေနွေးကြမ်းဖြင့် နေ့စဉ် အာလုပ်ကျင်းပေးခြင်းဖြင့် သွားဖုံးများကောင်းစွာ ကျုံ့စေနိုင်သောကြောင့် သွားနဲ့ခြင်း၊ ကျွတ်ခြင်းများ လျော့နည်းစေနိုင်သည်။

လက်ဖက်စိမ်းတွင်ပါဝင်သော catechins ဓာတ်များသည် အန္တရာယ်ရှိသော Free radicals တွေကို ဓာတ်ပြယ်စေနိုင်သဖြင့် ကင်ဆာ ဖြစ်ခြင်းကို တားဆီးနိုင်သောကြောင့် ကမ္ဘာအရပ် ရပ်ရှိ ဆရာဝန်များ၊ ဆေးဝါးကျွမ်းကျင်ပညာရှင် များက ရေနွေးကြမ်း(Green tea)သောက်သုံး ရန် ညွှန်ကြားနေကြပြီ ဖြစ်သည်။

လက်ဖက်ရည်ကြမ်းတွင် alkaline ဓာတ် ပြည့်ဝစွာ ပါဝင်သောကြောင့် ကိုလက်စထရော ပမာဏကို ထိရောက်စွာ လျှော့ချနိုင်သည်။ ထို့ကြောင့် နှလုံးသွေးကြောအတွက် အလွန် ကောင်းမွန်သည်။ သွေးကြောကျဉ်းခြင်း၊ သွေးခဲ ခြင်းတို့ကို ကာကွယ်နိုင်သောကြောင့် လေဖြတ် နိုင်ချေကိုလည်း လျှော့ချပေးနိုင်သည်။

ထို့ကြောင့် လက်ရည်ကြမ်း(Green tea) သည် ကောင်းကျိုးများစွာကို သယ်ဆောင်ပေး လာသောကြောင့် နေ့စဉ်ပုံမှန်သောက်သုံးသင့် ကြောင်း ပညာရှင်များက တိုက်တွန်းထားကြ သည်။

မည်သို့ပင်ဆိုစေ ရေနွေးကြမ်း(ခေါ်)လက် ဖက်ရည်ကြမ်းသည် မြန်မာတို့၏ လူနေမှုဘဝ တွင် အမြဲတွဲလျက်ပါဝင်နေရာတွင် လက်ဖက် ရည်ကြမ်းဝိုင်းတစ်ခုမှ ချစ်ခင်စည်းလုံးမှုကို ရရှိ နိုင်သည်။ အသိပညာဗဟုသုတများလည်း တိုး ပွားနိုင်သည်။ လက်ဖက်ရည်ကြမ်းဝိုင်းတစ်ခုမှ ရပ်ရေးရွာရေးကိစ္စရပ်များကို အောင်မြင်စည်းလုံး ညီညွတ်စွာ လုပ်ဆောင်နိုင်ပုံကို ဆရာကြီး 'ဇန်းမော်ညို့နွဲ့'က

*** သူကြီးအိမ်မြောက်၊ ရွာသားဆောက်သည်**
**ကျွန်းထောက်နိုရာ၊ ကွပ်ပျစ်သာတွင်**
**ရွာမှသက်ကျား၊ ရွယ်အိုများတို့**
**စကားဆိုမြည်၊ ဝိုင်းကြီးစည်၏ ။**

*** ဤနေရာတွင်**
**ရွာ၏အရေး၊**
**ရှေ့နောက်တွေးလျက်**
**ဆွေးနွေးကြရာ၊ ဘုံရိပ်သာတည့် ။**

*** ဤနေရာတွင်**
**သူငါတို့စမ်း၊ ဟာသခန်းဖြင့်**
**ကျွမ်းဝင်ကြရာ၊ ဘုံရိပ်သာတည့် ။**

*** ဤနေရာတွင်**
**ပညာစောကြော၊ တုံ့လှယ်ပြော၍**
**နှီးနှောကြရာ၊ ဘုံရိပ်သာတည့် ။**

*** လက်ဖက်ရည်ကြမ်း၊ တစ်လင်ပန်းဖြင့်**
**စိတ်ဝမ်းလက်ညီ၊ ရွာသစ်တည်ကာ**
**ကျီသစ်ပုံသွင်း၊ အားနှင့်ရင်း၍**
**ဖန်ဆင်းခဲ့ကြဖူးလေပြီ ။ ။**

ဟု လက်ဖက်ရည်ကြမ်းဝိုင်း၏ အကျိုးထူး များကို ဖော်ပြခဲ့သည်။ ရေနွေးကြမ်းသောက် ခြင်းသည် ကျန်းမာရေးအတွက် အထူးသင့်လျော် သည့်အပြင် ရေနွေးကြမ်းဝိုင်းကြောင့် ပညာ ဗဟုသုတတိုးပွားနိုင်ခြင်း၊ စည်းလုံးညီညွတ်မှု ရရှိနိုင်ခြင်း၊ ရပ်ရေးရွာရေးများကို တိုးတက် အောင် ဆောင်ရွက်နိုင်ခြင်းတို့သည် ရေနွေး ကြမ်း၏ အကျိုးထူးများပင် ဖြစ်ပါတော့သည်။



ခိုင်ခန့် (အမရပူရ)

# (၁၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အထိမ်းအမှတ် မီးထွန်းဝင်ပွဲတော် ကျင်းပ



ပင်းတယ ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ပေါ် ဟော်ကုန်းရပ်ကွက် ဆင်ဖြူတော်ကျောင်းတိုက် ဓမ္မသဘင်၌ ၁၃၈၆ခု နတ်တော်လဆန်း၁၀ ရက်နေ့မှ လပြည့်နေ့အထိ ငါးရက်တိုင်တိုင် (၁၈)ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ် ရှေးရိုးရာမပျက် မီးထွန်းဝင်ပွဲတော်ကို ယမန်နေ့ ည ၇နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါပွဲတော်တွင် ဟော်ကုန်းရပ်ကွက်နေ မိဘပြည်သူတို့မှ ပူးပေါင်းပါဝင်ယှဉ်နွှဲမှု ရပ်ကွက်နေတိုင်းရင်းသူသမီးငယ်များ၊ ကာလသမီးပျိုလေးများတို့က ဖယောင်းဆီမီးထွန်းညှိကိုင်ဆောင်စီတန်းလှည့်လည်မှုကို ရပ်မိရပ်ဖများဦးဆောင်၍ တိုင်းရင်းသားကာလသားတို့က ရိုးရာမပျက် အိုးစည်ဗိုင်းများ တီးခတ်ပေးမှုဖြင့် ဆင်ဖြူတော်ကျောင်းတော်ပေါ်သို့ မီးထွန်းဝင်ပွဲဆင်နွှဲခဲ့ကြသည်။

ထို့နောက် ဆရာတော်အား ရှိခိုးကန်တော့၍ ငါးပါးသီလခံယူဆောက်တည်ကြပြီး (၁၈)ကြိမ်မြောက် အသံမစဲပဋ္ဌာန်းအောင်မြင်စွာပြီးဆုံးခဲ့၍ အောင်မြင်ခြင်းအထိမ်းအမှတ် မီးရှူးမီးပန်းများပစ်ဖောက်၍မီးပုံးပျံငယ်များ၊ စိန်နားပန်မီးပုံးပျံများနှင့် ညမီးကြီးမီးပုံးပျံကြီးအား ဓနုအိုးစည်၊ ရှမ်းအိုးစည်ဗိုင်းများ တီးခတ်ပျော်ရွှင်စွာ ကခုန်ဖျော်ဖြေ၍ လွှတ်တင်ပူဇော်ခြင်းကို မြို့ပေါ်ရပ်ကွက်များနှင့် နီးစပ်ရာကျေးရွာများရှိ ဒေသနေပြည်သူများ လာရောက်ကြည့်ရှုအားပေးမှုကို ခံယူ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၃၈)



# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံ (BDMC) ရက်တို သင်တန်းဖွင့်လှစ်

မိုင်းဖြတ် ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ပါက မိမိတို့ရပ်ရွာဒေသများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှဖွင့်လှစ်သည့် မြို့နယ်အဆင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု (BDMC) အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက ရာသီဥတုဖောက်ပြန်ခြင်းကြောင့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ သဘာဝဘေးများကြောင့် လူတို့၏အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းကိုခံစားရကြောင်းနှင့် ထိုကဲ့သို့ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရေးအတွက် ယခုလို သင်တန်းများဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းမြတ်ရည်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းကို ဆွေးနွေးပို့ချခဲ့ရာဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဝေါဟာရများ၊ သဘာဝဘေးအန္တရာယ်အမျိုးအစားများ၊ ကြိုတင်ပြင်ဆင်ခြင်းနှင့်ကြိုတင်ကာကွယ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်များ ရယူပေးပို့ခြင်း စသည့် ဘာသာရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ သင်္ဂဟလူမှုကူညီရေးအသင်းဝင်များ စုစုပေါင်းအင်အား ၃၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# နှမ်း၊ မြေပဲ၊ နေကြာဧက ၃၅၀၀ ကျော် စိုက်ပျိုးပြီးစီး

မကွေး ဒီဇင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ချောက်ခရိုင်ရေနံချောင်းမြို့နယ်တွင် ယခုနှစ်ဆောင်းရာသီသီးနှံ စိုက်ပျိုးရာသီတွင် နှမ်း၊ မြေပဲ၊ နေကြာ စုစုပေါင်းဧက ၃၅၀၀ကျော် စိုက်ပျိုးပြီးစီးကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ယခုနှစ်ဆောင်းသီးနှံကို မိုးရာသီသီးနှံများရိတ်သိမ်းပြီးနောက်ပိုင်းတွင်လည်းကောင်း ဧရာဝတီမြစ်ရေကျပြီးနောက်ပိုင်းနိုဝင်ဘာလကစတင်၍ ကိုင်းမြေများတွင် စိုက်ပျိုးကြကြောင်း ဒေသခံအချို့ထံက သိရသည်။

ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက တောင်သူများလိုအပ်သောနည်းပညာများပံ့ပိုးခြင်း၊ အထွက်နှုန်းကောင်းမွန်ရေးကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၇၂)

# နှစ်ရှည်ပင်မျိုးစုံ ဧက ၂၇၀၀ ကျော်စိုက်ပျိုး

ကျွန်းလှ ဒီဇင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စပါးအပြင် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ယခုနှစ် နှစ်ရှည်ပင်မျိုးစုံ ဧက ၂၇၀၀ ကျော်စိုက်ပျိုးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ နှစ်ရှည်ပင် စိုက်ပျိုးရာတွင် လျှော်ဖြူ၊ ပရဆေး၊ နဂါးမောက်၊ ထန်း၊ အုန်း၊ သရက်၊ ငှက်ပျော၊ မာလကာ၊ ရှောက်၊ သံပရာ၊ ကွမ်းသီး၊ ကွမ်းရွက်၊ ဆီးသီး၊ သစ်သီးပင်များနှင့် အခြားမစားသုံးပင်များ စိုက်ပျိုးကြသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၊ နှစ်ရှည်ပင်စိုက်ပျိုးမှုအဖြစ် ပရဆေး ၅၈၅ ဧက၊ လျှော်ဖြူ ၅၈၄ ဧက၊ ကြယ်ပဲ ၁ ဧက၊ ထန်း ၂၀ ဧက၊ အုန်း ၂၃၃ ဧက၊ ငှက်ပျော ၂၀၆ ဧက၊ ကွမ်းသီး ၁၃ ဧက၊ ကွမ်းရွက် ၅၄ ဧက၊ သစ်သီးပင် ၈၈၁ ဧက နှင့် အခြားမစားသုံးပင် ၁၄၂ ဧက စုစုပေါင်း ၂၇၁၉ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

(၄၈၀)



# ဆောင်းနေကြာ စိုက်ဧက ၁၀၄၄ ဧက စိုက်ပျိုးပြီးစီး

မိတ္ထီလာ ဒီဇင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်၌ ဆောင်းနေကြာ စိုက်ဧက ၁၀၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မိတ္ထီလာမြို့နယ်တွင် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေးတို့အတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နေကြာတို့ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် ဆောင်းနေကြာစိုက်ဧက ၁၉၀၅ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး မြို့နယ်အတွင်း နေကြာစိုက်ဧကများ သတ်မှတ်လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးထားရှိသည့် စိုက်ဧကများ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာမှ တိုင်းဒေသကြီး အစီအစဉ်ဖြင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးရေးတောင်သူများအား နေကြာမျိုးစေ့အိတ်ပေးအပ်သည့်အပြင် ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများပေးအပ်ပြီး ဆောင်းနေကြာများ စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ဆောင်းနေကြာစိုက်ဧက ၁၀၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၆၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ "ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့် သိပ္ပံနယ်ပယ်(၂)ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်...

❖ လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ် (၂) ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ(မန္တလေး) မန္တလေးတိုင်းဒေသကြီး အင်ဂျင်နီယာနည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုပြပွဲ၊ နည်းပညာဟောပြောပွဲ ကျင်းပ







**မန္တလေး ဒီဇင်ဘာ ၂၁**

အင်ဂျင်နီယာပိုင်းဆိုင်ရာ အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ (မန္တလေး)၊ မန္တလေးတိုင်းဒေသကြီး အင်ဂျင်နီယာနည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများပြပွဲ၊ နည်းပညာများ ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးမြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ(မန္တလေး)တို့မှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် အသင်းဝင်များ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ(မန္တလေး)တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အင်ဂျင်နီယာနည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ ပြခန်းများနှင့် ဝန်ဆောင်မှုပြခန်းများအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အခမ်းအနားကို မြို့တော်ခန်းမတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးရာဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီး၏ လုပ်ငန်းရည်မှန်းချက်များ အောင်မြင်နိုင်ရေး၊ မန္တလေးတိုင်းဒေသကြီးအတွင်း အင်ဂျင်နီယာနည်းပညာရပ်များ ထွန်းကားပြန့်ပွားရေး Capacity Building တည်ဆောက်ရာတွင် အထောက်အကူပြုရေး အင်ဂျင်နီယာနည်းပညာများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူသားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးရေးတို့တွင် အထောက်အကူပြုစေရေးတို့အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(မန္တလေး)ကို သင်းဖွဲ့မှတ်တမ်းစည်းမျဉ်းများနှင့်အညီ ဖွဲ့စည်းထားပြီး အသင်းလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်း၊ အခန်းကဏ္ဍများသည် များစွာပါဝင်နေပါကြောင်း၊ အတွေ့အကြုံရှိသည့် အင်ဂျင်နီယာများ၊ မျိုးဆက်သစ်လူငယ်အင်ဂျင်နီယာများအနေဖြင့် တတ်စွမ်းသည့်အား၊ ဆောင်ရွက်နိုင်သည့် မည်သည့်အင်ဂျင်နီယာ အခန်းကဏ္ဍကိုမဆို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌွေးနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ(မန္တလေး) ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်တို့က အင်ဂျင်နီယာပညာများ တိုးတက်ထွန်းကားပြန့်ပွားရေးနှင့် အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူများက အင်ဂျင်နီယာနည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အင်ဂျင်နီယာများ၊ အင်ဂျင်နီယာနည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များနှင့်ကုမ္ပဏီများမှ လှူဒါန်းသည့် အလှူငွေများကို လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ (မန္တလေး)၊ မန္တလေးတိုင်းဒေသကြီး အင်ဂျင်နီယာနည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများပြပွဲ၊ နည်းပညာများ ဟောပြောပွဲများကို ဒီဇင်ဘာ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြခန်းပေါင်း ၃၅ ခန်းပြသထားပြီး နည်းပညာများဟောပြောပွဲတွင် အင်ဂျင်နီယာကောင်စီနှင့် ပတ်သက်သည့် ကောင်စီနည်းဥပဒေများအကြောင်းနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ ဆွေးနွေးတင်ပြခြင်း အကြောင်းများကို အင်ဂျင်နီယာပညာရှင် ၁၂ ဦးက ဆွေးနွေးဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀